# ပူးပေါင်းပါဝင်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေး

## မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်းဒေသကြီးမှ အလေ့အကျင့်ကောင်းများ အတွက် လမ်းညွှန်မှုများ




**Myanmar Consortium for Community Resilience (MCCR)**

မြန်မာ့ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေး ပူးပေါင်းအဖွဲ့

ဤစာအုပ်ကို Polly Newall , Independent Consultant မှာ မြန်မာနိုင်ငံဘေးဒဏ်ခံနိုင်စွမ်းပေါင်းစပ်ညှိနှိုင်း ရေးအဖွဲ့ (MCCR) အတွက် ရေးစားပြုစုခဲ့သည် ။

All photos courtesy of MCCR
Graphic design by Jeewee van Rooij

Disclaimer: this publication was developed with funding from the European Comission’s Office for Humanitarian Aid and Civil Protection (DG-ECHO) through their DIPECHO programme. The views expressed herein should not be taken, in any way, to reflect the official opinion of the European Union, and the European Commission is not responsible for any use that may be made of the information it contains.

This publication is copyright ActionAid Myanmar 2015. All rights reserved.

ActionAid Myanmar
1 Wingabar Road
Shwe Gone Daing
Bahan TownshipYangon, Myanmar

Tel: +95 1546 671
www.actionaid.org

# ကျေးဇူးတင်လွှာ

MCCR နှင့် အတိုင်ပင်ခံမှ လပွတ္တာ၊ ငရုပ်ကောင်း နှင့် ဖျာပုံမြို့နယ်များမှ စီမံချက်ဝန်ထမ်းများ၊ လပွတ္တာမြို့၊ အထွေထွေအုပ်ချုပ်ရေးရုံး၊ ကျေးလက်ဖွံ့ဖြိုးရေးဌာန မှ ဝန်ထမ်းများအားလည်းကောင်း၊ ဖျာပုံမြို့မှ အထွေထွေအုပ်ချုပ်ရေးရုံး၊ ကျေးလက်ဖွံ့ဖြိုးရေးဌာန ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဌာန မှ ဝန်ထမ်းများအားလည်းကောင်း၊ ငရုပ်ကောင်း၊ လပွတ္တာ နှင့် ဖျာပုံမြို့နယ်များ မှ ရပ်ရွာအဖွဲ့ဝင်များအားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။ လူတွေ့မေးမြန်းမှု၊ အဖွဲ့လိုက်ဆွေးနွေးခြင်း တို့တွင် သူတို့၏ ပူးပေါင်းပါဝင်ပေးမှု၊ အချိန်၊ အကြံပြုချက်များ နှင့် ပံ့ပိုးပေးမှုတို့မပါရှိဘဲ ဤစာအုပ်ကို ရေးသားပြုစုနိုင်မည် မဟုတ်ပေ။

MCCR သည် ဥရောပကော်မရှင်၏ လူသားချင်းစာနာထောက်ထားမှု ကူညီထောက်ပံ့မှုနှင့် အရပ်သားကာကွယ်စောင့်ရှောက်ရေးဌာန ၏ ပံ့ပိုးကူညီကို ဤစာအုပ်ထုတ်ဝေရာတွင် ပံ့ပိုးကူညီခြင်း နှင့် DIPECHO IX စီမံချက်များအား ပံ့ပိုးပေးခဲ့ခြင်းအတွက် မှတ်တမ်းတင်အသိအမှတ်ပြုပါသည်။

ဤစာအုပ်သည် ဥရောပကော်မရှင် ၏ ငွေကြေးအထောက်အပံ့ဖြင့် ထုတ်လုပ်ထားသည်။ ဤစာအုပ်တွင် သုံးသပ်ဖော်ပြချက်များကို ယူသုံးခြင်း၊ ပြန်လည်ဖော်ပြခြင်းတို့ မပြုရပါ။ ဥရောပကော်မရှင်သည် ဤပါဝင်သောသတင်းအချက်အလက်များကို အသုံးပြုခြင်းအား တာဝန်ယူမည် မဟုတ်ပေ။

# မာတိကာ


ကျေးဇူးတင်လွှာ 4

မာတိကာ 5

အမှာစာ 7

အတိုကောက်စာလုံးများ 9

နိဒါန်း 10

အခန်း (က) အသိ ၊ ဗဟုသုတနှင့် နားလည်သဘောပေါက်မှု မြှင့်တင်ပေးခြင်း 13

၁ ။ အလေ့အကျင့်ကောင်း ဥပမာများ 15

၁.၁ လုပ်ငန်းဆောင်ရွက်မှုမှ အလေ့အကျင့်ကောင်းများ - ဖျော်ဖြေပညာပေးအစီအစဉ် ၏ အလေ့အကျင့်ကောင်းများ 16

၁.၂ လုပ်ငန်းဆောင်ရွက်မှုမှ အလေ့အကျင့်ကောင်းများ - ဇတ်တိုက်လေ့ကျင့်ခန်း 18

၁.၃ လုပ်ငန်းဆောင်ရွက်မှုမှ အလေ့အကျင့်ကောင်းများ - ကျောင်းသား/သူများအတွက် ရည်ရွယ်သော သင်တန်းများ 20

အပိုင်း (ခ) ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်ရန် နှင့် အခြားလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီခြင်းအတွက်မြှင့်တင်ခြင်း 21

၂ ။ အလေ့အကျင့်ကောင်း ဥပမာများ 24

၂.၁ လုပ်ငန်းဆောင်ရွက်မှုမှ အလေ့အကျင့်ကောင်းများ ပူးပေါင်းအဖွဲ့.ပုံစံ 25

၂.၂ လုပ်ငန်းဆောင်ရွက်အလေ့အကျင့်ကောင်းများ၊ အမျိုးသမီးဦးဆောင်မှု မြှင့်တင်ခြင်း 26

၂.၃ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ ကလေးများ၏စွမ်းဆောင်ရည်များကို အသိအမှတ်ပြုခြင်း 28

၂.၄ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ သက်ကြီးရွယ်အို နှင် မသန်စွမ်းများ ပါဝင်ပေးမှု၏ တန်ဖိုးများ 29

အပိုင်း (ဂ) ၊ အဓိက ပါဝင်ဆောင်ရွက်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးခြင်း 30

၃။ အလေ့အကျင့်ကောင်း ဥပမာများ 32

၃.၁ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ လူများကို အတူစုစည်းခြင်း 33

၃.၂ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ ပူးပေါင်းပါဝင်သော ဆန်းစစ်လေ့လာမှုနှင့် စီမံကိန်းလုပ်ငန်းစဉ်မှ အထောက်အထားအခြေပြု ရလဒ်များအား အသုံးပြုခြင်း 34

အပိုင်း (ဃ) စီမံချက်ရလဒ်များ၏ ရေရှည်တည်တံ့မှုကို သေချာစေခြင်း 35
၄.၁ အလေ့အကျင့်ကောင်းများအား လက်တွေ့ဆောင်ရွက်ခြင်း 38
၄.၂ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်များ 38
၊စုစည်းခြင်း 38
နိဂုံး 40
အကိုးအကားများ 41

# အမှာစာ

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် ဆိုင်ကလုံးနာဂစ် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ နေရာအများအပြားကို ထိခိုက်ပျက်စီးစေခဲ့ပြီး လူပေါင်း (၁၃၅၀၀၀) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ လူဦးရေ သန်းတစ်ဝက်ခန့် နေရာပျောက်ဆုံးပြီးချိန်မှစ၍ ထိခိုက်လွယ်သော ရပ်ရွာလူထုတို့၏ ဘေးဒဏ်ခံနိုင်စွမ်းကို တည်ဆောက်လျက်ရှိသည်မှာယုံမှားသံသယဖြစ်စရာမရှိပေ။ လုပ်ငန်းဆောင်ရွက်သူများ ၊ ဆိုင်ကလုံးဒေသမှ ရပ်ရွာလူထုများ၏ ကြိုးပမ်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်မှတ်တမ်းတင်အပ်ပါသည်။ အဆိုပါသူတို့၏ ဆောင်ရွက်မှုများကြောင့် ဘေးအန္တရာယ်များကို ပိုမိုသိရှိပြီး ယင်း၏ဆိုးကျိုးသက်ရောက်မှုများကို ပြင်ဆင်ရန်၊ ကာကွယ်ရန် နှင့် လျော့ချရန်အတွက် စွမ်းဆောင်နိုင်လာကြသည်။

သို့ရာတွင် မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုး၏ ထိခိုက်လွယ်မှုမြင့်မားသည်ဖြစ်ရာ ဘေးဖြစ်နိုင်ချေရှိသောဒေသမှ ရပ်ရွာလူထု လိုအပ်သော ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ စွမ်းဆောင်နိုင်ရည်များ ၊ လိုက်လျောညီထွေနေထိုင်နိုင်မှု ဘေးအန္တရာယ်များ၏ သက်ရောက်မှုကို တုံ့ပြန်ဆောင်ရွက်နိုင်သော အရင်းအမြစ်များ နှင့် ချိတ်ဆက်မှုများကို မဖြည့်ဆည်းပေးနိုင်သေးသရွေ့ ရှေ့ဆက်ဆောင်ရွက်ရန်  လိုအပ်မှုများရှိနေသည်မှာ သေချာပါသည်။

Actionaid ၊ ACF ၊ HelpAge ၊ Oxfam ၊ Plan နှင့် UNHABITAT  အပါအဝင် နိုင်ငံအဆင့် အဖွဲ့အစည်းတစ်ခု ၊ ဒေသခံမိတ်ဖက်အဖွဲ့အစည်း (၂) ခု နှင့် နည်းပညာမိတ်ဖက်အဖွဲ့အစည်း (၃) ခုတို့မှ ဦးဆောင်ထားသည့် မြန်မာ့ရပ်ရွာလူထုဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေးအဖွဲ့ (MCCR) သည် လွန်ခဲ့သည့်နှစ်များအတွင်း ဘေးဒဏ်ခံနိုင်စွမ်းကြိုးပမ်းမှုများ နှင့် ဘေးအန္တရာယ်ပြင်ဆင်မှုများကို ထင်ရှားစွာ ပံ့ပိုးကူညီပေးခဲ့ပါသည်။ အဖွဲ့ဝင်များနှင့်ပူးပေါင်းမှုအင်အားကို တိုးမြှင့်ဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းအဖွဲ့သည် ရပ်ရွာလူထုမှ ဘေးန္တရာယ်များအပေါ် မည်သို့ထိခိုက်လွယ်မှုရှိသည်ကို နားလည်နိုင်ပြီး  ဘေးအန္တရာယ်ဖြစ်နိုင်ချေများ ရင်ဆိုင်ဖြေရှင်းရာတွင် မတူညီသည့်ပါဝင်ဆောင်ရွက်သူများမှ ဘေးအန္တရာယ်ဖြစ်နိုင်ချေများကို ကိုင်တွယ်ဖြေရှင်းပုံများကို သိရှိစေနိုင်ခဲ့သည်။

ဤစာအုပ်တွင် ပူးပေါင်းအဖွဲ့မှ ဆောင်ရွက်ထားသော အလေ့အကျင့်ကောင်းများကို ဖော်ပြထားသည်။ ၎င်းဥပမာများ မှတ်တမ်းတင်ပြုစုထားခြင်းနှင့် ဤစာအုပ်မှ တဆင့် ဖြန့်ဝေခြင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာ နှင့် ပြည်တွင်း NGOများ၊ အရပ်ဘက်အဖွဲ့အစည်းများ နှင့် ရပ်ရွာလူထုအပါအဝင် DRR လုပ်ငန်းဆောင်ရွက်သူများ မှ အချို့သော အလေ့အကျင့်များကို သူတို့၏ ရပ်ရွာအဆင့်  DRR စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်နိုင်ကြမည်ဟု မျှော်မှန်းပါသည်။

ကျွန်ုပ်အနေဖြင့် ဤစာအုပ်ရေးသားပြုစုခြင်းတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသူအားလုံး၏ ကြိုးပမ်းအားထုတ်မှုများများကို အသိအမှတ်ပြုအပ်ပါသည်။ အထူးသဖြင့် ပူးပေါင်းအဖွဲ့ဝင်များ နှင့် မိတ်ဖက်အဖွဲ့အစည်းများကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။ ဤစာအုပ်အတွက်

သူတို့၏အမြင်များကို ပြောပြပေးရုံသာမကဘဲ လွန်ခဲ့သော လများ၊ နှစ်များအတွင်း ပူးပေါင်းအဖွဲ့နှင့်အတူ ကောင်းမွန်သော အပြောင်းအလဲအတွက် မမောမပန်း ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော ရပ်ရွာအဖွဲ့ဝင်များ နှင့် အခြားသော ပါဝင်ဆောင်ရွက်သူများအားလုံးကိုလည်း အထူးကျေးဇူးတင်မှတ်တမ်းတင်အပ်ပါသည်။

Airlie Taylor



Consortium Manager, MCCR

မြန်မာ့ရပ်ရွာလူထုဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေးအဖွဲ့ဝင်များ ကိုယ်စား

# အတိုကောက်စာလုံးများ

| | |
|---|---|
| ICBDRR | - အားလုံးပူးပေါင်းပါဝင်မှုရှိသော ရပ်ရွာအခြေပြုဘေးအန္တရာယ်ထိ ခိုက်မှုလျော့ချရေး |
| MCCR | - မြန်မာ့ရပ်ရွာလူထုဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေးအဖွဲ့ |
| SDMC | - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ |
| VDMC | - ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ |

# နိဒါန်း

မြန်မာနိုင်ငံသည် ဆိုင်ကလုံး၊ ရေကြီးခြင်း၊ မြေငလျင်၊ မုန်တိုင်းဒီရေ၊ မြေပြိုမှု နှင့် မိုးခေါင်ရေရှားမှု စသည့်ဘေးအန္တရာယ်များ ကို ကြုံတွေ့ခံစားရနိုင်သည်။ ကမ္ဘာ့ရာသီဥတုဘေးဖြစ်နိုင်ချေ ၂၀၁၅ အညွှန်း တွင် မြန်မာနိုင်ငံ၊ Honduras နှင့် Haiti နိုင်ငံတို့သည် လွန်ခဲ့သည့် ဆယ်စုနှစ် ၂ ခုအတွင်းင် သဘာဝဘေးအန္တရာယ်မှ အပြင်းထန်ဆုံး ထိခိုက်ခဲ့သည့် နိုင်ငံများ အဖြစ်သတ်မှတ်ထားပြီး မကြာတော့မည့် အနာဂတ်တွင် ဘေးအန္တရာယ်များ ထပ်မံဖြစ်လာနိုင်ချေရှိကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် အန္တရာယ်များကြောင့် ထိခိုက်လွယ်မှုများသည် လူမှုစီးပွားရေးအခြေအနေတို့နှင့် ဆက်နွယ်မှုရှိနေသည်။ ၄င်းတို့တွင် ဆင်းရဲနွမ်းပါးမှု၊ မခိုင်ခံ့သည့် အဆောက်အအုံစနစ်များ နှင့် ပြည်တွင်းစစ်များ ပါဝင်သည်။ InfoRM model အရ အန္တရာယ်များကြောင့် ထိခိုက်လွယ်မှုရှိခြင်း နှင့် စွမ်းဆောင်နိုင်ရည် နည်းပါးခြင်းသည် အာရှပစိဖိတ်တွင် မြန်မာနိုင်ငံအား ဘေးဖြစ်နိုင်ချေ အမြင့်ဆုံး နိုင်ငံဖြစ်စေသည်ဟုဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ သမိုင်းတွင် ဆိုင်ကလုံးနာဂစ်သည် (၂၀၀၈) ခုနှစ်၊ မေလတွင် မြစ်ဝကျွန်းပေါ်ဒေသအား ထိခိုက်ပျက်စီးစေခဲ့ပြီး လူဦးရေ (၂.၄) သန်းကို သက်ရောက်မှုရှိစေခဲ့ပြီး အသက်ပေါင်း (၁၃၅၀၀၀) ခန့် ဆုံးရှုံးစေခဲ့သည်။ ဘေးအန္တရာယ်သည် အစိုးရ နှင့် အခြား လုပ်ငန်းဆောင်ရွက်သူများအား ဘေးအန္တရာယ်များအား ကာကွယ်ရန်၊ လျှော့ချရန် နှင့် ပြင်ဆင်ရန် အတွက် သတိပေးဖြစ်စဉ် တစ်ခုဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံအတွင်းတွင် သဘာဝ ဘေးအန္တရာယ်များ အား တုံ့ပြန်ဆောင်ရွက်ရန် အချို့သော အဆင့်များကို ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် ယူဂိုလုပ်ငန်းစဉ်မူဘောင် ကို (၂၀၀၅) ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၄င်းမူဘောင်ကိုထပ်မံပြုစုထားသည့် Sendai ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး မူဘောင် (၂၀၁၅-၂၀၃၀) ကို (၂၀၁၅) တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံ ဘေးအန္တရာယ် စီမံခန့်ခွဲမှု နှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှု (AADMER) သဘောတူညီမှု ကိုလည်း ၂၀၀၉ ခုနှစ်တွင် လက်မှတ်ရေးထိုးပါဝင်ထားသည်။ AADMER သည် ကမ္ဘာပေါ်တွင် HFA နှင့် ဆက်နွယ်သည့် ပထမဦးဆုံး ဥပဒေ နှင့်ကိုက်ညီသည့် နည်းကိရိယာ တစ်ခုဖြစ်သည်။

(၂၀၀၉) ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး (၂၀၀၉-၂၀၁၅) (MAPDRR) လုပ်ငန်းအစီအစဉ်ကို ထုတ်ဝေခဲ့ပြီး ၄င်းတွင် မြန်မာနိုင်ငံအား ပိုမိုဘေးကင်းစေပြီး သဘာဝဘေးအန္တရာယ်များ အပေါ်တွင် ပိုမိုဘေးဒဏ်ခံနိုင်စေခြင်း၊ အသက်အိုးအိမ်များ၊ အသက်မွေးမှုများ နှင့် ဖွံ့ဖြိုးရေးအကျိုးများကို ကာကွယ်ပေးခြင်းတို့ ဆောင်ရွက်ရန် ရည်ရွယ်သော စီမံချက် ၆၅ ခု ကို ဖော်ပြထားသည်။ ယခုအချိန်တွင် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်သည် Sendai မူဘောင်နှင့် ကိုက်ညီမှုရှိစေရန် ပြန်လည်သုံးသပ်လျက်ရှိသည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေကို (၂၀၁၃) ခုနှစ် ဇူလိုင်လတွင် အတည်ပြုပြဌာန်းခဲ့ပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု တည်မြဲမှုဥပဒေကို ၂၀၁၅ ခုနှစ် ဇူလိုင်လ တွင်

အတည်ပြုခဲ့သည်။

ဤအဆင့်များ ရှိနေသော်လည်း ရပ်ရွာလူထုအား ဘေးဒဏ်ခံနိုင်မှုရှိစေရေး ဆောင်ရွက်ရာတွင် ထင်ရှားသည့် အခက်အခဲများ ရှိနေသေးသည်။ The Views from the Frontline (VFL) ၂၀၁၃ တွင် လုပ်ငန်းဆောင်ရွက်မှုကို စစ်တမ်းကောက်ယူခြင်း၊ HFA ၏ လုပ်ငန်းတိုးတက်မှုကို ဒေသခံအဆင့်များ ဖြင့် ဆောင်ရွက်ခြင်း၊ အစိုးရ၊ ရပ်ရွာလူထု နှင့် အရပ်ဘက်အဖွဲ့အစည်းများတွင် ဘေးအန္တရာယ်များ နှင့် ဘေးအန္တရာယ်ထိခိုက်နိုင်ခြေအသိပညာ နှင့် ဗဟုသုတများ နည်းပါးခြင်းသည် ကြီးမားသည့် အခက်အခဲတစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။

အခြားအခက်အခဲများတွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အတွက် အရင်းအမြစ်များ (ငွေကြေး၊ လူ၊ ပစ္စည်း) နည်းပါးခြင်း၊ အဆောက်အအုံစနစ်များ အားနည်းခြင်း ( သယ်ယူပို့ဆောင်ရေး နှင့် ဆက်သွယ်ရေး စနစ်များ)၊ သတင်းအချက်အလက်ဖြန့်ဝေမှုအတွက် အရင်းအမြစ်များ မလုံလောက်ခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများ နှင့် အစိုးရ အဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်း၊ အဓိက ပါဝင်သူများ ၏ယုံကြည်မှု နှင့် ပဋိပက္ခဆိုင်ရာအသိ နည်းပါးခြင်းတို့ ပါဝင်သည်။

ဤအခက်အခဲအချို့ကြောင့် (၂၀၁၅) ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ နေရာအများတွင်လူပေါင်း (၁.၆) သန်းအား သက်ရောက်မှုရှိစေခဲ့သည့် အမေရိကန်ဒေါ်လာ (၁.၅၁) သန်း စီးပွားရေးဆုံးရှုံးမှုကိုဖြစ်စေသော ရေကြီးမှု ၊ မြေပြိုမှုများ ဖြစ်ပေါ်သည့် အချိန်တွင် ပို၍ သိသာခဲ့သည်။

ဤအခက်အခဲများကို ဖြေရှင်းရန်လုပ်ဆောင်နေသည့်နည်းလမ်းအချို့မှာ မြန်မာနိုင်ငံရှိ လုပ်ငန်းဆောင်ရွက်သူများ၊ အစိုးရ၊ ကုလသမဂ္ဂ နှင့် နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သည့် အဖွဲ့များ ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း နှင့် အရပ်ဖက်အဖွဲ့အစည်းများ ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး နှင့် ဘေးဒဏ်ခံနိုင်စွမ်း ဆောင်ရွက်မှုများ ကို တိုးမြှင့်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

မြန်မာ့ရပ်ရွာလူထုဘေးဒဏ်ခံနိုင်စွမ်းတိုးမြှင့်ရေးအဖွဲ့သည်ပင်လျှင်နည်းလမ်းတစ်ခုဖြစ်သည်။ ဥရောပကော်မရှင် ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ပူးပေါင်းအဖွဲ့သည် (၂၀၁၂) ခုနှစ်မှစပြီး ရပ်ရွာ နှင့် အဖွဲ့အစည်းအဆင့်ဘေးအန္တရာယ်ပြင်ဆင်မှုကဏ္ဍကို မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။

(၂၀၁၄) ခုနှစ် မေလမှ (၂၀၁၅) ဒီဇင်ဘာလအတွင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် (DIPECHO IX) စီမံချက်သည် ပူးပေါင်းပါဝင်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး နည်းလမ်းကို အတည်ပြုပြသနိုင်ခြင်းအားဖြင့် မြို့ပြ နှင့် ကမ်းရိုးတန်းဘေးဒဏ်ခံနိုင်စွမ်း တိုးမြှင့်ဆောင်ရွက်သည့် စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ဤစာအုပ်သည် အားလုံးပါဝင်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး၊ မကြာခင်ကဆောင်ရွက်ခဲ့သည့် စီမံချက် နှင့် ယခင်စီမံချက်မှ MCCR ၏အတွေ့အကြုံများ နှင့်ပတ်သက်သည့် အလေ့အကျင့်ကောင်းများအပေါ်တွင် လမ်းညွှန်ချက်များပေးရန် ရည်ရွယ်သည်။ စာအုပ်သည် ရေဝေတီတိုင်းဒေသကြီး မှ အလေ့အကျင့်ကောင်း နမူနာ အချို့ ကိုထည့်သွင်းထားပြီး ထိခိုက်လွယ်မှုအရှိဆုံးသော အုပ်စုတို့၏ ဘေးဒဏ်ခံနိုင်စွမ်းအောင်မြင်မှုကို ဖော်ပြထားသည်။

အကြံပြုချက်များ နှင့် ဥပမာများ သည် စီမံချက်မှတ်တမ်းများ နှင့် အောင်မြင်ခဲ့သည့် အလုပ်များ၊ ကြုံတွေ့ခဲ့သည့် အခက်အခဲများ နှင့် ရပ်ရွာအဖွဲ့ဝင် (၁၈၀) ကျော် ၊ အစိုးရအရာရှိများ နှင့် စီမံချက် ဝန်ထမ်းများ နှင့် တိုင်ပင်ဆွေးနွေးမှု ပေါ်တွင်မူတည်ရေးဆွဲထားသည်။

၎င်းတို့ကို အပိုင်း (၄) ခွဲထားသည်။

အပိုင်း (က) - အသိပညာ၊ ဗဟုသုတ နှင့် နားလည်မှုတို့ တိုး မြှင့်ခြင်း

အပိုင်း (ခ ) - ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် အခြားလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီခြင်း နှင့် မြှင့်တင်ခြင်း

အပိုင်း (ဂ ) - ပါဝင်ဆောင်ရွက်သူများအကြားတွင် ညှိနှိုင်းဆောင်ရွက်မှု နှင့် ပူးပေါင်းဆောင်ရွက်မှုတို့ မြှင့်တင်ပေးခြင်း

အပိုင်း (ဃ) စီမံချက်၏ရလဒ်များကို ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင်ဆောင်ရွက်ခြင်း

ဤစာအုပ်သည် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး နှင့် ဘေးဒဏ်ခံနိုင်စွမ်း တည်ဆောက်ရာတွင် လက်တွေ့ဆောင်ရွက်သူများအား မြန်မာနိုင်ငံမှ ၎င်းအလေ့အကျင့်များကို ရပ်ရွာအဆင့် ဘေးအန္တရာယ် ထိခိုက်မှုလျော့ချရေး အစီအစဉ်များတွင် ကျင့်သုံးရန်အတွက် ဆွဲဆောင်နိုင်မည်ဖြစ်သည်။

# အခန်း (က) အသိ ၊ ဗဟုသုတနှင့် နားလည်သဘောပေါက်မှု မြှင့်တင်ပေးခြင်း

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော နားလည်မှု၊ ဗဟုသုတနှင့် အသိညာဏ်ရှိခြင်းနှင့် ဘေးအန္တရာယ်အား မည်ကဲ့သို့ လျော့ချအောင် ဆောင်ရွက်ရမည်ကို ပြည်သူလူထု အနေဖြင့် သိရှိထားခြင်းသည် ထိခိုက်လွယ်မှု လျော့ချရာတွင် အရေးပါပြီး ပြည်သူလူထု၏ လုပ်ဆောင်နိုင်မှု စွမ်းရည်ကို မြှင့်တက်စေသည်။ နားလည်သဘောပေါက်မှု၊ ဗဟုသုတနှင့် အသိပညာအား မြှင့်တင်ပေးခြင်းသည် မည်သည့် ပြည်သူလူထုအခြေပြု သဘာဝဘေးလျော့ချရေး စီမံကိန်းတွင်မဆို အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

> "သရုပ်ဆောင်ပြဇာတ်ဖြစ်တော့ နားလည်ရပိုလွယ်တယ်၊ လက်ကမ်းစာစောင်တွေ မဖတ်တတ်တဲ့သူတွေ အတွက် ဖျော်ဖြေပညာပေးအစီအစဉ်က ကောင်းတယ်
>
> ကျေးရွာ အမျိုးသား VDMC အဖွဲ့ဝင်၊ ကိုင်းသောင်ကျေးရွာ၊ လပွတ္တာ

နားလည်သဘောပေါက်မှု၊ ဗဟုသုတနှင့် အသိပညာအား မြှင့်တင်ပေးခြင်းအား စီစဉ်ထားသော လုပ်ငန်းများနှင့် ပဏာမလုပ်ဆောင်ချက်များ ဆောင်ရွက်နေစဉ် တလျှောက်တွင် ဆောင်ရွက်နိုင်သည်။၎င်းတို့တွင် သင်တန်း နှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာ မြှင့်တင်ခြင်းအစီအစဉ်များ၊ ဇတ်တိုက်လေ့ကျင့်ခန်းများ၊ ဆန်းစစ်လေ့လာမှု နှင့် နောက်ဆက်တွဲ စီမံကိန်းအစီအစဉ်များ၊ ပြဇာတ်များနှင့် အခြား ခင်းကျင်းပြသမှုများ၊ ပို့စ်တာများ၊ လက်ကမ်းစာစောင်များ နှင့် အခြား သတင်းအချက်အလက်ပညာရေး နှင့် ဆက်သွယ်ရေး ပစ္စည်းများ၊ ဗီဒီယိုများ ပြသခြင်း (သို့) ရုပ်မြင်သံကြား (သို့) ရေဒီယိုအစီအစဉ်များ ပါဝင်နိုင်သည်။

သဘာဝဘေးအန္တရာယ်များအားအသိ၊ ဗဟုသုတနှင့် နားလည်သဘောပေါက်မှု မြှင့်တင်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲခြင်းအား အကြံပြုထားသော အလေ့အကျင့်ကောင်းများတွင် အောက်ပါတို့ ပါဝင်သည်။

- ဖွံ့ဖြိုးတိုးတက်မှုအား ရေရှည်တည်တံ့စေရန်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်မှုအားမည်ကဲ့သို့ ဆက်စပ်နေပုံ၊ ပြည်သူလူအားထိခိုက်မှုရှိစေနိုင်သည့် ဘေးအန္တရာယ်များအား မည်ကဲ့သို့ လျော့ချရမည်နှင့် စီမံချက် ဝန်ထမ်းများအားလုံး သဘာဝဘေးအန္တရာယ်များအားလုံးကို နားလည် သဘောပေါက်စေရန်အတွက် အချိန်နှင့် အရင်းအမြစ်များအား ရင်းနှီးမြှုပ်နှံထားခြင်း။
- စီမံချက်အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းသည် အဆင်သင့်မဖြစ်လျှင် အစိုးရတာဝန်ရှိသူများ ပါဝင်မှုရှိစေရန်နှင့် ကွဲပြားသောလူအုပ်စုများ၏ အသိပညာမြှင့်တင်ရန် လိုအပ်ချက်များကို သိရှိစေရန်အတွက် တာဝန်ရှိသူများပါဝင်သော မြေပုံရေးဆွဲခြင်း (သို့) စစ်တမ်းကောက်ယူခြင်းကို ပြုလုပ်နိုင်သည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် အဓိကလူများ သို့မဟုတ် အဖွဲ့များအား မတော်တဆ ကျန်ခဲ့ခြင်းမျိုး မဖြစ်အောင် ကူညီပေးနိုင်သည်။

- ရပ်ရွာအတွင်း သတင်းအချက်အလက်များဖြန့်ဝေရန်အတွက် အဓိကကျသော သူများ သို့မဟုတ် အဖွဲ့များအား တာဝန်ချထားမှုရှိမရှိ ဖော်ထုတ်ရန်အတွက် မြေပုံဆွဲခြင်းလေ့ကျင့်ခန်းအား ဆောင်ရွက်ပါ။
- ရပ်ရွာအတွင်း တစ်ဦးနှင့် တစ်ဦး ဆက်သွယ်ရန်၊ ဗဟုသုတများ ဖြန့်ဝေရန်၊ သတင်းအချက်အလက်များ ဖြန့်ဝေရန်နှင့် ရရှိရန်၊ ကွဲပြားသော လူအုပ်စုများသို့ ရောက်ရှိရန် အသင့်တော်ဆုံး ဆက်သွယ်မှု လမ်းကြောင်းနှင့် ပုံစံများအား ဆုံးဖြတ်ရာတွင် ကူညီရန်အတွက် လက်ရှိ အသုံးပြုလျက်ရှိသော လုပ်ထုံးလုပ်နည်းများနှင့် နည်းစနစ်များ အပေါ်တွင် အခြေခံ၍ မြေပုံရေးဆွဲခြင်း လေ့ကျင့်ခန်းအား ဆောင်ရွက်ပါ။ အသုံးဝင်သော လုပ်ငန်းစဉ်နှင့်  ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်မှုများအား လျော့ပါးစေသော သို့မဟုတ် မလိုအပ်ပဲ ထပ်မံဆောင်ရွက်ခြင်းမျိုး ဖြစ်စေနိုင်မည့် ထပ်မံဖြည့်စွက်ထားသော လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ခြင်းထက် ရပ်ရွာ၏ လုပ်ထုံးလုပ်နည်းများနှင့် နည်းစနစ်များကို အသုံးပြုပြီး တိုးတက်အောင်မြင်အောင် ဆောင်ရွက်ပါ။

> “ဖျော်ဖြေပညာပေးအစီအစဉ်ဆိုတာ ဗဟုသုတ နဲ့ ပျော်စရာ ပေါင်းထားတာပဲ”
>
> အမျိုးသား ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်၊ ကိုင်းသော်ကျေးရွာ၊ လပွတ္တာ

- ရပ်ရွာမှ ကတိပြုထားသော အလုပ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဘောထားကွဲလွဲမှု မဖြစ်စေနိုင်သော အသိပညာမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသင့်တော်ဆုံး အချိန် ရက် (သို့မဟုတ် နှစ်)အား ရပ်ရွာနှင့် ဆွေးနွေးပြီး သဘောတူညီမှု ရယူပါ။ ထို့အပြင် ကြီးမားသော ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်နှင့် ကုန်ကျမှု သက်သာစေရန် ရပ်ရွာ အစီအစဉ် ရေးဆွဲထားသော လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများ (ဥပမာ ယဉ်ကျေးမှု၊ ဘာသာရေးဆိုင်ရာ ပွဲတော်များ) တွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းပါ။
- ရှုပ်ထွေးမှု ဖြစ်စေနိုင်သော ခက်ခဲသည့် အသုံးအနှုန်းများနှင့် ဗန်းစကားများအသုံးပြုခြင်းကို ရှောင်ကျဉ်ပြီး ရိုးရှင်း၍ နားလည်ရန် လွယ်ကူသော သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များကို အသုံးပြုပါ။
- လက်ရှိအခြေအနေတွင် အဆင်သင့် အသုံးချနိုင်သော သတင်းအချက်အလက်နှင့် သဘောထားများကို အသုံးပြုခြင်းနှင့် သဘောတရားများအား လက်တွေ့အဖြစ် ပြောင်းလဲထားသည့် လက်တွေ့ကျသော ပျော်ရွှင်ဖွယ်ကောင်းသော “ ဆောင်ရွက်ခြင်းဖြင့် သင်ကြားခြင်း” ချဉ်းကပ်မှုနည်းလမ်းကို ဖြစ်နိုင်လျှင် အသုံးချပါ။
- အပြန်အလှန် ဆက်သွယ်မှုပုံစံကို အဆင်ပြေစေမည့် ပူးပေါင်းဆောင်ရွက်မှု ချဉ်းကပ်မှုပုံစံကို အသုံးပြုပြီး ထပ်မံလေ့လာရန်နှင့် ဗဟုသုတများဖြန့်ဝေနိုင်ရန်အတွက် ပါဝင်ဆွေးနွေးသူများအကြား လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်းနှင့် ဆောင်ရွက်ပြီးချိန်တွင် ဆွေးနွေးမှုအား တွန်းအားပေးပါ။
- ရပ်ရွာအဆင့်တွင် ပြင်ပ ငွေကြေးပံ့ပိုးမှု (သို့) အခြားအထောက်အပံ့ပများ အပါရှိဘဲ ထိန်းသိမ်းရန် ခက်ခဲသည့် နည်းလမ်းများ၊ စနစ်များ အဆိုပြုတင်သွင်းခြင်းကို ရှောင်ပါ။

စာမဖတ်နိုင်သူများ၊ မမြင်နိုင်သူများ (သို့) မကြားနိုင်သူများ နှင့် ဉာဏ်ရည် နှင့် ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိနေသူများကို သတင်းအချက်အလက်များရရှိနိုင်စေရန် လိုအပ်သည့် ပံ့ပိုးမှုများပေးနိုင်ရန်စီစဉ်ပါ။

# ၁ ။ အလေ့အကျင့်ကောင်း ဥပမာများ

ပူးပေါင်းအဖွဲ့သည် ဘေးအန္တရာယ်များ နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ၊ ဗဟုသုတ နှင့် နားလည်သဘောပေါက်မှု မြှင့်တင်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းအချို့ကို ပံ့ပိုးခဲ့သည်။ ၎င်းတို့တွင်

- ရပ်ရွာတစ်ခုလုံးပါဝင်သည့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး နှင့် ပြင်ဆင်ရေး အစီအစဉ်များအတွက် "ဖျော်ဖြေပညာပေး အစီအစဉ်" .
- ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးသင်တန်းများ မှ ရရှိထားသော ကျွမ်းကျင်မှုများကို အသုံးချရန် ရည်ရွယ်သော ကျေးရွာတွင်ပြုလုပ်သော ဇတ်တိုက်လေ့ကျင့်ခန်း (မြို့နယ်အဆင့်လည်းဆောင်ရွက်နိုင်)
- ကျေးရွာဘေးအရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ (VDMC - ကျေးရွာခေါင်းဆောင်၊ စေတနာ့လုပ်အားရှင်များ၊ Fellow /Mobilizers ) နှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ ( ကျောင်းသား/သူ နှင့် ဆရာ/မများ) ၊ အမျိုးသမီး ကိုယ်ထူကိုယ်ထအဖွဲ့များ နှင့် အစိုးရအရာရှိများ) ပူးပေါင်းပါဝင်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးသင်တန်းများပံ့ပိုးပေးခြင်း
- လက်ကမ်းစာစောင်များ ပို့စ်တာများ ဖြန့်ဝေပေခြင်း ဖြင့် ကလေးများ နှင့် သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များ နှင့် စွမ်းဆောင်ရည်များကို ဖြည့်ဆည်းခြင်း နှင့် ရပ်ရွာအစည်းအဝေးများ ၊ သင်တန်းများ နှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း ။
- ဉာဏ်စမ်းအစီအစဉ်များ၊ ပန်းချီ နှင့် အပြည်ပြည်ဆိုင်ရာဘေးအန္တရာယ်လျော့ပါးရေးနေ့အတွက် သီကုံးသော သီချင်းပြိုင်ပွဲများစသည့် စိတ်ဝင်စားဖွယ် အစီအစဉ်များ



# ၁.၁ လုပ်ငန်းဆောင်ရွက်မှုမှ အလေ့အကျင့်ကောင်းများ ဖျော်ဖြေပညာပေးအစီအစဉ် ၏ အလေ့အကျင့်ကောင်းများ

ဖျော်ဖြေ ပညာပေးအစီအစဉ်သည် ပညာရေး နှင့် ဖျော်ဖြေရေးပေါင်းစပ်ထားသော ဆန်းသစ်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး ရပ်ရွာလူထုထံသို့ ရိုးရာပြပွဲများ မှတဆင့် ဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ နှင့် ဘေးအန္တရာယ်ပြင်ဆင်မှုလုပ်ငန်းများအတွက်လမ်းညွှန်ပေးမှုများ ကို ပညာရရှိစေသည်။ ရပ်ရွာလူထုမှ ပါဝင် ဆောင်ရွက်မည့်သူများ ကို ရွေးချယ်ပြီးသည့်အခါတွင် သူတို့အား သရုပ်ဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးပြီး ပြဇတ်ခင်းကျင်းပြသမှု၊ အန္တရာယ်များ၊ ထိခိုက်လွယ်မှုများ၊ စွမ်းဆောင်ရည်များ နှင့် ဘေးဖြစ်နိုင်ချေလျှော့ချရေး နည်းလမ်းများကို ရိုးရှင်းလွယ်ကူပြီး နားလည်ရန်လွယ်ကူစေသည့် ဇတ်ညွှန်းများပြုလုပ်ရမည်။

ရပ်ရွာတွင် အမှန်တကယ်သရုပ်ဆောင်မှုမပြုလုပ်ခင် သရုပ်ဆောင်များသည် (၁)လ မှ (၂)လ အချိန်အတောအတွင်းတွင် နောက်ခံစကားပြော နှင့် သတင်းစကားဖြန့်ဝေပေးသည့် အပိုင်းကို နားလည်မှုရှိစေရန် နှင့် စွဲဆောင်မှုရှိစေရန် အကြိမ်ကြိမ် လေ့ကျင့်မှုပြုလုပ်ရမည်။ DIPECHO IX စီမံချက် တွင် ဖျော်ဖြေရေး နှင့် ပညာပေးအစီအစဉ်ကို လပွတ္တာမြို့နယ် နှင့် ဖျာပုံမြို့နယ် ရပ်ရွာ (၃၂) ခုတွင် ပြုလုပ်ခဲ့သည်။

အစီအစဉ်ကို ညှိနိုင်းဆောင်ရွက်မှုများပြုလုပ်ချိန်တွင် အသိပဗဟုသုတ နှင့် နားလည်မှုတို့အတွက် ထိရောက်သော နည်းလမ်းအဖြစ် အကြိမ်ကြိမ် အသားပေးဖော်ပြခဲ့သည်။ အစီအစဉ်တွင် ပါဝင်ခဲ့သည့် အလေ့အကျင့်ကောင်းများမှာ -

> **“**
>
> နေ့ဘက်မှာဆိုရင်တော့ ကျွန်တော်တို့ ဒီ ဖျော်ဖြေပညာပေးအစီအစဉ်ကို တက်နိုင်မှာမဟုတ်ဘူး။ ညနေပိုင်းဆိုတော့ လူတွေပိုပြီးတော့ လာကြည့်လို့ရတယ်
>
> ကျေးရွာ အမျိုးသမီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်၊ ကိုင်းသောင်ကျေးရွာ၊ လပွတ္တာမြို့နယ

- ၄င်းသည် လက်တွေ့ဆန်ပြီး ပူးပေါင်းပါဝင်မှုရှိသည် - ပျော်စရာကောင်းခြင်း၊ မှတ်မိလွယ်ပြီး ဆွဲဆောင်မှုရှိခြင်း နှင့် ပရိတ်သတ်များစွာကို စိတ်ဝင်စားစေခြင်း။
- သတင်းစကားများသည် ရှင်းလင်းပြီး နားလည်ရလွယ်ကူသည်။ အမြင်အာရုံချို့ယွင်းသောသူများ၊ နှင့် စာမဖတ်တတ်သောသူများအပါအဝင် အုပ်စုအမျိုးမျိုးမှ လက်လှမ်းမှီနိုင်သည်။
- သတင်းစကားများကို အခြေအနေနှင့် ကိုက်ညီအောင်ပြုလုပ်ဖန်တီးထားသည် ။ ရပ်ရွာမှ သတင်းစကားများကို သူတို့၏ဒေသအခြေအနေနှင့် ဆက်နွယ်သုံးသပ်နိုင်ပြီး လုပ်ငန်းများ ဆောင်ရွက်လာနိုင်စေရန် စည်းရုံးဆွဲဆောင်ထားသည်။
- ဆွေးနွေးတိုင်ပင်ခဲ့သည် ရပ်ရွာအဖွဲ့ဝင်များသည် အစီအစဉ်ကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်လျှင်ပို၍ ရိုးရှင်းပြီး လွယ်ကူစေနိုင်မည်ဟု ဆိုကြသည်။ ကုန်ကျစရိတ်ကို သက်သာစေရန် စာသင်ကျောင်း နှင့် ဘာသာရေး အစီအစဉ်တင်ဆက်မှုများ နှင့် ပူးတွဲ ဆောင်ရွက်နိုင်သည်။

- ဖျော်ဖြေပညာပေးအစီအစဉ်၏ လေ့ကျင့်မှုများ နှင့် အမှန်တကယ် ပြသမှုများကို ညနေပိုင်းအချိန်များတွင် ပြုလုပ်ကြသောကြောင့် ရပ်ရွာလူထု၏ အသက်မွေးဝမ်းမှု (သို့) အခြားသောလုပ်ငန်းများ နှင့် တိုက်ဆိုက်မှုမရှိပေ။
- ဆွေးနွေးတိုင်းပင်ခဲ့သည့် ရပ်ရွာများမှ ယခု အစီအစဉ်သည် အကြီးမားဆုံးအောင်မြင်မှုဖြစ်ကြောင်း ပြောဆိုကြသည်။
- အစီအစဉ်တွင် လူငယ်များပိုမိုပါဝင်လာခြင်းသည် မိဘများမှ တက်ရောက်ရန် စိတ်ပါဝင်စားမှုရှိခြင်းဖြစ်ကြောင်း ခံစားရသည်။

ထို့အပြင် ပြဇတ်မှ လေ့လာသင်ယူခဲ့ရသည့် ဗဟုသုတ နှင့် ကျွမ်းကျင်မှုများသည် အချို့သော ရပ်ရွာလူထုတို့အား သူတို့၏ ယုံကြည်မှု နှင့် ရက်ကြောက်စိတ်တို့ကို ဖယ်ရှားနိုင်ရာ အထောက်အကူဖြစ်စေသည် ။ ယခင်က စိတ်အားထက်သန်စွာပါဝင်ရေးကို အတားအဆီးဖြစ်စေသော အရာများကို ဖယ်ရှားခဲ့နိုင်သည်။

> ဇတ်တိုက်လေ့ကျင့်ခန်းတွေ ၊ ဖျော်ဖြေပညာပေးအစီအစဉ်တွေလိုမျိုး လက်တွေ့အစီအစဉ်တွေက သီအိုရီတွေပါတာနည်းတော့ ပိုကောင်းတယ်
>
> အမျိုးသား အစိုးရအရာရှိ (RRD) ၊ ဖျာပုံ






## ၁.၂ လုပ်ငန်းဆောင်ရွက်မှုမှ အလေ့အကျင့်ကောင်းများ
## ဇတ်တိုက်လေ့ကျင့်ခန်း

ဇတ်တိုက်လေ့ကျင့်ခန်းများ ဆိုသည်မှာ သက်ဆိုင်သူအမျိုးမျိုးအား အတူအကွ လက်တွဲဆောင်ရွက်လာစေသည့် လေ့ကျင့်ခန်းဖြစ်သည်။ ၄င်းတို့တွင် ရွာသူ/သားများ၊ အစိုးရ အရာရှိများ၊ အရပ်ဘက်အဖွဲ့အစည်းများ နှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ မြန်မာနိုင်ကြက်ခြေအနီအသင်း ဂန်ထမ်းများ နှင့် စေတနာ့လုပ်အားရှင်များ၊ မီးသတ်တပ်ဖွဲ့ဂင်များ နှင့် အခြားဆောင်ရွက်သူများ အစရှိသူတို့မှ ဘေးအန္တရာယ်ဇာတ်လမ်းအား တကယ့်အမှန်တကယ်ဖြစ်နေသကဲ့သို့ ပါဂင်ဆောင်ရွက်ကြခြင်းဖြစ်သည်။ DIPECHO IX စီမံချက်တွင် ဇတ်တိုက်လေ့ကျင့်ခန်းများသည် မြစ်ဂကျွန်းပေါ်ဒေသတွင် ရပ်ရွာ (၇၈) ခုတွင် ဆောင်ရွက်ခဲ့ပြီး လပွတ္တာမြို့နယ်အဆင့်တွင် လေ့ကျင့်ခန်း ထပ်မံပြုလုပ်ခဲ့သေးသည်။

> ❝
> ဇာတ်တိုက်လေ့ကျင့်ခန်းမှာ ကျွန်မက ကျွန်မ ခင်ပွန်းကို ဆုံးရှုံးသွားတဲ့သူ နေရာက သရုပ်ဆောင်ရတယ် ။ အဲ့ဒီအချိန်မှ တကယ်လိုဖြစ်ပြီး ကျွန်မတကယ်ပဲ ဂမ်းနည်းမိတယ်။ တကယ်ဖြစ်လာနိုင်တဲ့ ဘေးအန္တရာယ်တွေ သိရှိစေတယ်
>
> အမျိုးသမီး VDMC အဖွဲ့ဂင် ၊ ကိုယ်ထူကိုယ်ထအဖွဲ့ဂင် ၊ သစ်ရောင်းကျေးရွာ ၊ ငရုပ်ကောင်း

ဇတ်တိုက်လေ့ကျင့်ခန်းများသည် ဘေးအန္တရာယ်များ၏ အသိပညာ နှင့် ဘေးအန္တရာယ်ကို အချိန်မီတုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ဗဟုသုတ နှင့် ကျွမ်းကျင်မှုတို့ မြှင့်တင်ပေးရာတွင် ထိရောက်ပြီး သင့်တော်သည့်



နည်းလမ်းများဖြစ်ကြောင်း အထူးပြုဖော်ပြထားသည် ။ အဘယ့်ကြောင့်ဆိုသော် -

- ဇတ်တိုက်လေ့ကျင့်ခန်းများ၏ လက်တွေ့ နှင့် ပါဝင်ဆောင်ရွက်မှုရှိခြင်းကြောင့် ပို၍ ပျော်စရာကောင်းသည်။ မှတ်မိလွယ်ပြီး ပါဝင်လိုစိတ်ကိုဖြစ်စေသည်။ ထို့အပြင် တက်ရောက်ပါဝင်သူများအား အလုပ်လုပ်စေပြီး တကယ့်ဖြစ်ရပ်မှန် အတွေ့အကြုံတို့ကို ပေးရာရောက်သည်။
- ဇတ်တိုက်လေ့ကျင့်ခန်းကို  မုန်တိုင်း (သို့) ဆိုင်ကလုံး စသည့် အန္တရာယ်တစ်ခုခုပေါ်တွင် အခြေခံပြီး လူထုမှ ရပ်ရွာဘေးဖြစ်နိုင်ချေ ဆန်းစစ်လေ့လာမှုတွင်တွေ့ရှိဖော်ထုတ်ထားမှုက အခြေအနေကို ပို၍သရုပ်မှန်စေပြီး ဆီလျော်မှုရှိစေသည်။
- အားလုံးပါဝင်သော နည်းလမ်းသည် ဆောင်ရွက်သူအမျိုးမျိုးအား ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်မှုတွင် အတူတကွပါဝင်စေပြီး ဘေးအန္တရာယ်ကျရောက်ချိန်တွင် မည်သူမှတာဝန်ရှိပြီး မည်သည့်အရာကိုဆောင်ရွက်ရမည်ကို ပို၍ နားလည်စေနိုင်သည်။



## ၁.၃ လုပ်ငန်းဆောင်ရွက်မှုမှ အလေ့အကျင့်ကောင်းများ ကျောင်းသား/သူများအတွက် ရည်ရွယ်သော သင်တန်းများ

ရည်ရွယ်ထားသည့် သင်တန်းများတွင် အလေ့အကျင့်ကောင်းများကို ကျင့်သုံးပြီး စီမံချက်၏ ကျောင်းအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အစီအစဉ်ဖြင့် ကျောင်းသား/သူများ နှင့် ဆရာ/မများအား ပံ့ပိုးမှုပေးခဲ့သည်။ လက်တွေ့ကျပြီး ပါဝင်ဆောင်ရွက်နိုင်မှုရှိခြင်းကြောင့် ပျော်စရာကောင်းပြီး ကလေးများ နှင့် ဆရာ/မ များအတွက် နားလည်ရလွယ်ကူ စေသည်။ အထူးသဖြင့် ဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အသိကို မြှင့်တင်ပေးရာတွင် အသုံးပြုသည့် ဆန်းသစ်သော ပန်းချီရေးဆွဲသည့် လေ့ကျင့်ခန်း၊ သတင်းအချက်အလက်များ ပညာပေးခြင်း နှင့် ရပ်ရွာအဖွဲ့ဝင်များ၏ ရှိနှင့်သော လုပ်ထုံးလုပ်နည်းများကို ပိုမိုအားကောင်းစေရန် တိုးချဲ့သော လုပ်ငန်းများ တို့ဖြစ်သည်။ ကျောင်းသား/သူများ နှင့် ဆရာ/မများအား DRR သူရဲကောင်းများအဖြစ် လေ့ကျင့်သင်ကြားပြီး စည်းရုံးခြင်းဖြင့် ဗဟုသုတများသည် အခြားရပ်ရွာလူထုများထံသို့ စနစ်တကျရောက်ရှိသွားသည်။

> “
> ကလေးတွေကိုလည်း လေ့ကျင့်ပေးထားတာကောင်းတယ် အဲ့ဒီတော့မှ ရပ်ရွာကို ဗဟုသုတတွေ ဆက်ပြီးဖြန့်ဝေတဲ့အခါမှ ကျွန်မတို့အတူအလုပ်လုပ်နိုင်မှာ
>
> အမျိုးသမီးဆရာမ၊ ရေကျော်ကျေးရွာ၊ ငရုပ်ကောင်း

> “
> ရှေးဦးပြုစုခြင်းသင်တန်းပြီးတော့ ကျေးရွာမှ မျက်နှာသစ်ရင်းနဲ့ မျက်လုံးထဲကို သဲဝင်သွားတဲ့လူတစ်ယောက်ကို ကူညီပေးရတဲ့အချိန်မှာ ကိုယ့်ကိုကိုယ် ယုံကြည့်မှုရှိခဲ့တယ်
>
> ရှေးဦးပြုစုရေး အထူးတာဝန်အဖွဲ့မှ အမျိုးသမီးအဖွဲ့ဝင် ၊ ရေကျော်ကျေးရွာ၊ ငရုပ်ကောင်း

# အပိုင်း (ခ) ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်ရန် နှင့် အခြားလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီခြင်းအတွက်မြှင့်တင်ခြင်း

အားလုံးပူပေါင်းပါဝင်ခြင်းဆိုသည်မှာ လူမျိုး၊ မသန်စွမ်းခြင်း (သို့) ချို့တဲ့ခြင်း၊ အရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ မြေပိုင်ဆိုင်မှု ၊ နိုင်ငံရေး (သို့) အခြားအမြင်၊ လူမျိုးစု (သို့) အထူးဒေသ၊ အလုပ်အကိုင်၊ မွေးရပ်၊ အသက် (သို့) အခြားသော လက္ခဏာများကို ထည့်မတွက်ဘဲ အားလုံးအတွက် တူညီသည့် အခွင့်အရေးရရှိခြင်းကို ဆိုလိုသည်။

အားလုံးပူပေါင်းပါဝင်ခြင်းဆိုသည့် အသုံးအနှုန်းသည် ပြည့်စုံပြီး အဓိပ္ပာယ်ရှိသည့် ပါဝင်မှု၊ လူတို့၏ဘဝများပေါ်တွင် သက်ရောက်မှုများရှိနေသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် လုပ်ငန်းစဉ်များတွင်ပါဝင်နိုင်မှု၊ မတူညီမှု အမျိုးမျိုး ကွဲပြားမှုတို့၏တန်ဘိုးများ၊ အခြေခံလူ့အခွင့်အရေးများ၊ စွမ်းအားပေးခြင်း၊ ယုံကြည့်မှုတည်ဆောက်ပေးသော အားသာချက်များ နှင့် စွမ်းဆောင်ရည်များ၊ အားလုံးအတွက် မျှတသော၊ သာတူညီမျှရှိသော၊ရလဒ်များရရှိရန် အတားအဆီးများကို ဖြေရှင်းခြင်း စသည့်လုပ်ငန်းစဉ်များအတွက် ကျွန်ုပ်တို့အလုပ်လုပ်နေရာ လုပ်ငန်းစဉ်တစ်ခုကိုလည်း ဆိုလိုသည်။

> “
>
> ရပ်ရွာတစ်ခုနဲ့ တစ်ခု မတူဘူးဆိုတာကို နားလည်ထားဖို့လိုတယ်၊ ကျွန်တော့ရွာမှာဆို အမျိုးသမီးတွေက ပိုပြီးခေတ်မီတယ်၊ ဦးဆောင်မှုပိုင်းတော်တော်များများ မှာရှိနေတယ်၊ ဒါပေမယ် တခြားရွာမှာတော့ အဲ့ဒီလိုဖြစ်ချင်မှဖြစ်မယ်
>
> အမျိုးသားစေတနာ့လုပ်အားရှင်၊ ငရုပ်ကောင်း

အဆုံးတွင် ပူးပေါင်းပါဝင်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးသည် အောက်ပါအကျိုးကျေးဇူးများ ရရှိစေရန် ဆောင်ရွက်သည့်သည်။

- ရပ်ရွာတွင်ရှိသူအားလုံးသည် ပါဝင်နိုင်ခြင်း၏ အရေးကြီးပုံကိုနားလည်ပြီး အသိအမှတ်ပြုနိုင်ရမည်။
- ရပ်ရွာအတွင်းမှသူများအားလုံး ခွန်းအားပေးရမည်၊ ယုံကြည်မှုရှိပြီး ဘေးဖြစ်နိုင်ချေများ နှင့် ယင်းတို့ကိုလျှော့ချရန် ဖြေရှင်းမှုများအတွက် ပါဝင်ဆောင်ရာတွင် မှန်ကန်သည့် ဗဟုသုတ၊ ကျွမ်းကျင်မှုများ နှင့် အခွင့်အလမ်းများရှိရမည်။
- အခြေခံ အခွင့်အရေးများအားလုံးကို နားလည်ပြီး လေးစားလိုက်နာရမည်။
- ရပ်ရွာလူထုအား နားလည်စေပြီး လေးစားလိုက်နာအသုံးပြုနိုင်စေမည့် ကွဲပြားသည့် အမြင်များ၊ ထင်မြင်ချက်များ ၊ ဂိသေသလက္ခဏာများ၊

> “
>
> ရေဒီယိုမှ ကြားလိုက်ရတဲ့ မုန်တိုင်းသတိပေးချက်ကို လူတွေကိုပြောလိုက်ရတာကို ကျွန်တော်အရမ်းဂုဏ်ယူမိတယ်”
>
> ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ အမျိုးသားအဖွဲ့ဝင်၊ ရေကျော်ကျေးရွာ၊ ငရုပ်ကောင်း

ခွန်အားများ နှင့် ထိခိုက်လွယ်မှုများ ။

- အာဏာပါဝါဆက်သွယ်ချက်များ၊ အစုဲများ၊ တစ်ဦးတစ်ယောက်၏အမည်းစက်၊ နှင့် လူတို့အား ဘေးဖယ်ခံရ စေနိုင်သော အခြားဖြစ်နိုင်သည့် အကြောင်းအရင်းများ

ဆုံးဖြတ်ချက်ချမှတ်သည့်ကဏ္ဍတွင် ပါဝင်နိုင်ရန် နှင့် အခြားလုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီခြင်းအတွက်မြှင့်တင်ခြင်း နှင့်သက်ဆိုင်သည့် အလေ့အကျင့်ကောင်း အကြံပြုချက်များ

> ကျွန်မ ကိုယ့်ရဲ့အားသာချက်ကိုမသိခဲ့ဘူး ။ အခုတော့ ထပ်ပြီးလေ့လာချင်တယ်
>
> အမျိုးသမီးကိုယ်ထူကိုယ်ထအဖွဲ့ဝင်၊ သစ်ရောင်ကျေးရွာ၊ ငရုပ်ကောင်း

- စီမံချက်ဝန်ထမ်းအားလုံးမှ ပါဝင်စေခြင်း၏ အရေးကြီးပုံကို နားလည်ပြီး အသိအမှတ်ပြုနိုင်ရန် အထူးသဖြင့် မတူညီသည့်လူအုပ်စုတို့၏ ညှိနှိုင်းဆောင်ရွက်ခြင်း ပူးပေါင်းပါဝင်ခြင်း၏တန်ဘိုးကို နားလည်စေရန် အချိန် နှင့် အရင်းအမြစ်များ အသုံးချပါ။
- မတူညီသည့် အုပ်စုများကို သူတို့သည် ထိခိုက်လွယ်သည့်အုပ်စုများ ဖြစ်နေခြင်းကြောင့် ပါဝင်ခွင့်ရသည် ဆိုသည့် အမြင်မျိုး မပေးမိစေရန် သတိပြုရမည်ဖြစ်ပြီး ထိုသူတို့၏ စွမ်းဆောင်နိုင်ရန် နှင့် အားသာချက်များကိုသာ လေးစားတန်ဖိုးထားရမည်။ ထိုသို့အမြင်များရရှိခဲ့လျှင် စိတ်ဓာတ်ကျစေနိုင်ပြီး ခွဲခြားဆက်ဆံခြင်းသဘောဆောင်သည့် ဆိုကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်သည်။

> "ကလေးတွေက သွက်တယ် ။ သူတို့က ရပ်ရွာထုကို သတင်းစကား ထိထိရောက်ရောက် ဖြန့်ဝေနိုင်သည် ဘယ်လုပ်ရမလဲဆိုတာလဲ မှတ်မိတယ်"
>
> အမျိုးသား VDMC အဖွဲ့ဝင်၊ ရေကျော်ကျေးရွာ၊ ငရုပ်ကောင်း

- စွမ်းအားပါဝါ ဆန်းစစ်လေ့လာမှုဖြင့် ရပ်ရွာလူထုတွင် မည်သူသည် ဘေးဖယ်ခံရနိုင်သည်၊ (သို့) ဘေးဖယ်ခံရရန် ဖြစ်နိုင်ချေရှိသည်ကို ကောင်းစွာနားလည်စေနိုင်ရန် ဆောင်ရွက်ပါ။ ယင်းတွင် ကလေးများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ နှင့် သက်ကြီးရွယ်အိုများ အပြင် ကျေးရွာတွင် မနေထိုင်သော အလုပ်မလုပ်သော တစ်ဦးချင်းစီ (သို့) အုပ်စုများ ပါဝင်နိုင်သည်။(ဥပမာ - စပါးစိုက်ခင်းတွင် အလုပ်လုပ်သူများ၊ တံငါသည်များ၊ ကျေးရွာအပြင်ဘက် သစ်တောထဲတွင် အလုပ်လုပ်သူများ (သို့) ရွှေ့ပြောင်းလုပ်ကိုင်သူများ)
- စီမံချက်ဝန်ထမ်းများသည် ပါဝင်စေခြင်း အတွက် ဖြစ်နိုင်သည့်အတားအဆီးများကို ကောင်းစွာ နားလည်ထားရမည်။ မတူညီသည့် လူအုပ်စုများကို ပါဝင်စေရာတွင် ဟန့်တားနေသည့် (သို့) ပိတ်ပင်ထားသည့် ယူဆမှုများကို ရှောင်နိုင်ရန် လေ့ကျင့်ပေးပါ။
- ၎င်းအဟန့်အတားများကို မတူညီသည့် အခြေအနေများ နှင့် အုပ်စုများ အတွက်အားလုံးပါဝင်သည့် နည်းလမ်းများ ဖြင့်ဖြေရှင်းရန် စဉ်းစားပါ။ ပါဝင်စေရန် ရှိနေသည့် အဟန့်အတားများကိုဖြေရှင်းသည့် နည်းဗျူဟာများသည် သင့်လျော်ပြီး မှန်ကန်သည့်သူများကို ဦးတည်ထားသင့်သည် (ဘေးဖယ်ခံရသောသူများ (သို့) ဘေးဖယ်ခံရနိုင်သောသူများ အတွက်သာ မဖြစ်နေသင့်ပေ) ။ လိုက်လျောညီထွေရှိစွာ ကျင့်သုံးနိုင်ရမည် ။ တင်းမာမှု/ပဋိပက္ခ တို့ကို ဖြစ်စေမှုတို့ကိုလျှော့ချရန် "ထိခိုက်မှုမရှိစေရေး" မူ များကို အသုံးပြုသင့်သည်။

- အဓိကပါဝင်ဆောင်ရွက်သူများ၏ နည်းပညာပိုင်း နှင့် ဗဟုသုတများကို မတူညီသည့်လူအုပ်များအားလုံးပါဝင်စေရေးအတွက် မြှင့်တင်ဆောက်ရွက်ရာတွင် အရှိန်မြှင့်တင်ပါ။ အထူးသဖြင့် မတူညီသည့်အုပ်စုများ ပါဝင်စေရန်အတွက် နည်းပညာအကူအညီ အမျိုးအမျိုးလိုအပ်နိုင်သည် ။ အထူးသဖြင့် မသန်စွမ်းသူများ အတွက် လိုအပ်နိုင်သည်။
- ပါဝင်မှု ပိုမိုရှိလာစေရန် အခြားအဖွဲ့အစည်းများထံ မှ ဂန်ဆောင်မှုအကူရယူခြင်း နှင့် အထောက်အပံ့ကိရိယာပစ္စည်းများ ရယူခြင်း ဖြင့်  သင့်တော်သလို  ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ပါ ။ ဥပမာ လက်တွန်းလှဲ (သို့) နားကြားကိရိယာ ကဲ့သို့ ပံ့ပိုးပစ္စည်းများ ။

## ၂ ။ အလေ့အကျင့်ကောင်း ဥပမာများ

ပူးပေါင်းအဖွဲ့သည် ပါဝင်စေခြင်းအတွက် နည်းလမ်းအမျိုးမျိုးကို အသုံးပြုထားသည်။ ၄င်းတို့တွင် ပူးပေါင်းအဖွဲ့၏နည်းဗျူဟာဒီဇိုင်း နှင့် အောက်ပါနည်းလမ်းတို့လည်းပါဝင်သည်။

- ပါဝင်စေခြင်း၏အရေးကြီးပုံကို အသိပေး အလုပ်ရုံအစည်းအဝေးပွဲ ရပ်ရွာအဖွဲ့ဝင်အားလုံးအတွက် ရည်ရွယ်ပြုလုပ်ခြင်း ။
- အမျိုးသမီး ဦးဆောင်မှု နှင့် အားပေးကူညီမှုသင်တန်းများ
- ပူးပေါင်းပါဝင်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး သင်တန်းများ - သက်ကြီးရွယ်အို၊ မသန်စွမ်းများ၊ အမျိုးသမီးများ နှင့် ကလေးများ ပါဝင်သည်။
- ကျောင်းသား/သူများ ဆရာ/မများ အား ပံ့ပိုးကူညီရန် ရည်ရွယ်သည့် သင်တန်းများ
- ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ နှင့် အထူးတပ်ဖွဲ့များ စသည့် ရပ်ရွာ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ပုံစံများ ၊ ကျား/မ ၊ အသက်အရွယ်မညီမျှမှု ဖွဲ့စည်းပုံများ



## ၂.၁ လုပ်ငန်းဆောင်ရွက်မှုမှ အလေ့အကျင့်ကောင်းများ ပူးပေါင်းအဖွဲ့ပုံစံ

ပူးပေါင်းအဖွဲ့၏ပုံစံကပင်လျှင် ပူးပေါင်းပါဝင်သည့် နည်းလမ်းများဖြင့် ဗဟုသုတ၊ နည်းပညာရှင်များ နှင့် ပံ့ပိုးမှုများကို အရှိန်မြှင့်ပေးရာတွင် ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်နေသည်။ အမျိုးသမီးများ၊ ကလေးများ၊ မသန်စွမ်းများ၊ သက်ကြီးများအပေါ် ဘေးအန္တရာယ်သက်ရောက်ခံရမှုမတူညီမှု နှင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အလုပ်များအား ပါဝင်ဆောင်ရွက်နိုင်မည့် သူတို့၏ ပေးစပ်နိုင်မှုများကို သိရှိနားလည်သည်ဖြစ်ရာ ပူးပေါင်းအဖွဲ့အနေဖြင့် မတူထူးခြားသည့်

"အကောင်အထည်ဖော်ဆောင်ရွက်သည့်မိတ်ဖက်အဖွဲ့များ" နှင့် "နည်းပညာဆိုင်ရာ မိတ်ဖက်အဖွဲ့များ" ကို အတူတကွဖွဲ့စည်းခဲ့သည်။

ရောဂတီမြစ်ဝကျွန်းပေါ်ဒေသတွင် Actionaid နှင့် HelpAge ( အပါအဝင် သူတို့၏ဒေသခံ မိတ်ဖက်ဆောင်ရွက်သူများဖြစ်သည့် Action for Social Aid နှင့် လူငယ်အမျိုးသမီး ခရစ်ယာန်အသင်း) တို့သည် အဓိက အကော်အထည်ဖော်ဆောင်ရွက်သူများ အဖြစ်ပါဝင်ကြပြီး နည်းပညာဆိုင် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော Oxfam နှင့် Plan တို့မှ ကျားမရေးရာ/ အမျိုးသမီးဦးဆောင်မှု၊ နှင့် ကလေးသူငယ်ဗဟိုပြု/ကျောင်းအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး ကဏ္ဍတွင် ပူးပေါင်းပါဝင်မှုရှိစေရေးအတွက် နည်းပညာပိုင်း ပံ့ပိုးကူညီမှုပေးကြသည်။ ထို့အပြင် HelpAge သည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍတွင် သက်ကြီးရွယ်အိုများ ပါဝင်စေရေးအတွက် နည်းပညာအကူညီပေးပြီး နိုင်ငံတွင်းမိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Social Policy and Poverty Research အဖွဲ့မှ မသန်စွမ်းများပါဝင်စေနိုင်ရေးအတွက် ပံ့ပိုးကူညီမှုပေးခဲ့သည်။

ကွင်းဆင်းရုံးများတွင် နည်းပညာမိတ်ဖက်အဖွဲ့များဖြစ်သည့် Oxfam နှင့် Plan မှ ဝန်ထမ်းများအား ထားရှိခြင်းသည် အမျိုးသမီး နှင့် ကလေးများပါဝင်နိုင်မှုအတွက် အနီးကပ်ပံ့ပိုးမှုပေးနိုင်သည်။ စီမံချက်လုပ်ငန်းများတွင် ယင်းအုပ်စုများ ပူးပေါင်းပါဝင်မှု နှင့် တက်ရောက်ပါဝင်နေမှု သည် ဤနည်းလမ်းအောင်မြင်မှု၏ သက်သေပင်ဖြစ်သည်။

ထို့အပြင် မတူညီသည့် ပူးပေါင်းအဖွဲ့အစည်းများကြားတွင် စုပေါင်းထားသည့်ပုံစံ၊ စည်းလုံးမှု ၊ တစ်ဦး နှင့် တစ်ဦးယုံကြည်မှုရှိစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။



## ၂.၂ လုပ်ငန်းဆောင်ရွက်အလေ့အကျင့်ကောင်းများ၊ အမျိုးသမီးဦးဆောင်မှု မြှင့်တင်ခြင်း

ပူးပေါင်းအဖွဲ့သည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး နှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းများတွင် အမျိုးသမီးဦးဆောင်မှုကဏ္ဍကို မြှင့်တင်ပေးသော အစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။ ၎င်းတို့တွင် အမျိုးသမီးတို့၏ အားသာချက်များ နှင့် စွမ်းဆောင်ရည်များကို ရပ်ရွာလူထုအကျိုးအတွက် မည်သို့အသုံးပြုရမည်ကို အသိပေးသည့်အစီအစဉ်များ၊ ဘေးအန္တရာယ်ပြင်ဆင်ရေးအတွက် ယုံကြည်မှု နှင့် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးရန်ရည်ရွယ်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပါဝင်သည်။

အမျိုးသမီးဦးဆောင်မှုသင်တန်းသည် ရပ်ရွာအတွင်းတွင် အမျိုးသမီးတို့ဦးဆောင်ရခြင်း၏တန်းဘိုးများကို တူညီသည့် နားလည်မှုရှိနေစေရန် အမျိုးသားများ နှင့် အမျိုးသမီးများပါ ပူးတွဲပါဝင်ရန်ရည်ရွယ်သည်။ ယင်းသည် အဓိပ္ပာယ်ရှိသော အမျိုးသမီးထု ပူးပေါင်းပါဝင်မှုရှိလာစေရန် အရေးကြီးသည့် အဆင့်တစ်ခုဖြစ်သည်။

> “အမျိုးသမီးဦးဆောင်မှုနှင့်အားပေးမှုသင်တန်းတွေရှိလာတော့ရပ်ရွာကိစ္စတွေမှာအမျိုးသမီးတွေပါဝင်မှုအရေးကြီးတာကိုကျွန်တော်နားလည်သွားတယ်။အရင်ကတော့သူတို့တွေအိမ်မှာကလေးတွေနဲ့နေပြီးထမင်း၊ဟင်းချက်သင့်တယ်လို့ထင်တယ်။အခုတော့ကျွန်တော်သူတို့ကိုလေးလေးစားစားဆက်ဆံသင့်တယ်၊ကျွန်တော်ဇနီးကိုလည်းအခြားအလုပ်တွေပိုလုပ်ဖို့တိုက်တွန်းသင့်တယ်။”
>
> အမျိုးသားစေတနာ့လုပ်အားရှင်၊ ငရုပ်ကောင်း

ငရုပ်ကောင်းမြို့နယ်၊ ဘုတ်ပင်ဆိတ်ကျေးရွာမှ VDMC အဖွဲ့ဝင် သက်ကြီးအမျိုးသားတစ်ဦးသည် အမျိုးသမီးတွေ ရပ်ရွာလုပ်ငန်းတွေမှာ ပါဝင်နိုင်ရန်အတွက် အမျိုးသမီးများအား တိုက်တွန်းခြင်း၊ အားပေးခြင်း စသည်တို့ ဆောင်ရွက်ရန် လိုအပ်ချက်ရှိသည်ကို မယုံကြည်ကြောင်း ရှင်းပြသည်။

သို့ရာတွင် အမျိုးသမီးတို့၏ အဓိက အားသာချက်များကို ဦးတည်သည့် သင်တန်းကို တက်ရောက်ပြီးအခါတွင် သူ၏ လက်ခံယုံကြည်ထားမှုများ ပြောင်းလဲခဲ့သည်။ အမျိုးသမီးထုမှ အခြားသူများအား ရပ်ရွာလုပ်ငန်းများတွင်ပါဝင်လာစေရန်ဆောင်ရွက်ရန် အလွန်ထိရောက်မှုရှိသည်ကို စတင်တွေ့ရှိလာပြီး အသိအမှတ်ပြုလာသည်။ ဤဥပမာသည် မတူညီသည့် လူအုပ်စုတို့၏အားသာချက်များကို အသိအမှတ်ပြုရန်

> ❝
> ကျွန်မရဲ့အသံကိုရဲရဲကြီးထွက်ရဲပြီ
>
> အမျိုးသမီးကိုယ်ထူကိုယ်အဖွဲ့ဝင်၊ သစ်ရောင်ကျေးရွာ၊ ငရုပ်ကောင်း

အရေးကြီးကြောင်းကို ဖော်ပြနေသည်။ ထိုနည်းတူစွာ အမျိုးသမီးတို့မှ ဦးဆောင်နိုင်ရန်အတွက် အမျိုးသားများ နှင့် အမျိုးသမီးများသည် အတူတကွ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်းကို လည်း ထင်ဟပ်နေသည်။



## ၂.၃ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ ကလေးများ၏စွမ်းဆောင်ရည်များကို အသိအမှတ်ပြုခြင်း

ပူးပေါင်းအဖွဲ့သည် ကလေးများပါဝင်မှုကို မြှင့်တင်ပေးပြီး ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍတွင် "အပြောင်းအလဲဖော်ဆောင်သူများ" အဖြစ်မြှင့်တင်ပေးခြင်းကို အားပေးဆောင်ရွက်သည်။ ယင်းကို ကလေးများ၊ စာသင်ကျောင်းနှင့် ရပ်ရွာမှ လူငယ်များ တိုက်ရိုက်ပါဝင်စေခြင်းအပြင် ဆရာ/မများ၊ မိဘဆရာအသင်း နှင့် ရပ်ရွာခေါင်းဆောင်များစသည့် လူကြီးများအား ပါဝင်စေခြင်းဖြင့်လည်း ဆောင်ရွက်သည်။ ထိုသို့ပြုလုပ်ခြင်း မှာ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ခရေးကြိုးပမ်းမှုတွင် ကလေးများ၏တန်းဘိုးကို သိရှိလာစေရန် နှင့် ပို၍ကျယ်ပြန့်သော ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန် အတွက်ဖြစ်သည်။

> ❝
> သင်တန်းနှင့်ပံ့ပိုးပေးမှုတွေအတွက်ကျေးဇူးတင်ပါတယ်၊အခုကလေးတွေရဲ့ပါဝင်မှုအရေးကြီးကြောင်းကိုကျွန်တော်တို့နားလည်ပြီ။ရွာထဲမှာသူတို့ဘယ်လိုပြဿနာတွေ၊ဘေးဖြစ်နိုင်ချေတွေရင်ဆိုင်ရတယ်ဆိုတာတွေသူတို့ကိုမေးရတယ်၊ဥပမာ- လမ်းမကောင်းလို့ရေးမြောင်းထဲပြုတ်ကျနိုင်တာမျိုးပေ့ါ
>
> အမျိုးသား VDMC
> အဖွဲ့ဝင်၊ကိုင်းတောမကျေးရွာ၊ ဖျာပုံ

ကလေးများ၏ စွမ်းဆောင်ရည် နှင့် အားသားချက်များကို အမှီပြုသော အသိပညာပေးခြင်း နှင့် စွမ်းဆောင်ရည်တည်ဆောက်သော သင်တန်းများပေးခြင်းသည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ကလေးများ ပါဝင် ဆောင်ရွက်နိုင်စေရန် အတွက် အထောက်အကူဖြစ်စေသည်။

ကျောင်းနှင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး ဖွဲ့စည်းပုံများ

(ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ နှင့် အထူးတပ်ဖွဲ့များ) တွင် ကလေးများ နှင့် လူငယ်များ ပါဝင်စေပြီး သူတို့၏စွမ်းဆောင်နိုင်မှုများကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးများ ပေးနိုင်ရေး သေချာစေရမည်။ ကလေးများသည် ဘေးအန္တရာယ်ဖြစ်နိုင်ချေ နှင့် ဘေးအန္တရာယ်ပြင်ဆင်မှု အတွက် ယုံကြည်အားကိုးရသော သတင်းအချက် အလက်အရင်းအမြစ်ဖြစ်ကြောင်း အားပေးရာရောက်သည်။

“ ဘေးအန္တရာယ်တွေနဲ့ရပ်ရွာကိုဘယ်လိုကူညီရမလဲဆိုတာတွေလေ့လာဖို့အခွင့်အရေးရတာကျွန်မအရမ်းဝမ်းသာတယ

ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မှ အမျိုးသမီးငယ်၊ ကန်မတာကျေးရွာ၊ ဖျာပုံ။

## ၂.၄ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ သက်ကြီးရွယ်အို နှင့် မသန်စွမ်းများ ပါဝင်ပေးမှု၏ တန်ဖိုးများ

ပူးပေါင်းပါဝင်သော ရပ်ရွာအခြေပြု DRR သင်တန်း (ICBDRR) မှ အစီအစဉ် တစ်ခုသည် သက်ကြီးများ နှင့် မသန်စွမ်းတို့အား သူတို့၏ တန်ဘိုးများကို နားလည်စေနိုင်ရန် ပံ့ပိုးပေးနိုင်သည့် သင်တန်းအစီအစဉ် (ရပ်ရွာလူထုအား စီမံချက်အစတွင်ပေးသော သင်တန်း) တစ်ခုဖြစ်သည်။ အမျိုးသမီးများ ၊ ကလေးများ ကဲ့သို့ပင် အသိအမှတ်ပြုသင့်သည့် သူများ ဖြစ်သည်။ ဥပမာ - အမျိုးသားစေတနာ့ လုပ်အားရှင်တစ်ဦးသည် သူသင်တန်းမတက်ရောက်ခင်အချိန်က သူသည် မသန်စွမ်းများသည် ဘေးအန္တရာယ်ပြင်ဆင်ရေးအစီအစဉ်တွေမှာ ဝင်ရောက်ပါဝင်ဆောင်ရွက်နိုင်စွမ်းမရှိဟု ထင်မြင်ခဲ့သည်။ သို့ရာတွင်ယခုအခါတွင် မသန်စွမ်းများတွင် အသုံးပြုနိုင်သည့် အားသာချက်များရှိနေကြောင်း သိရှိနားလည်လာသည်။

“ သက်ကြီးပိုင်းတွေကလူငယ်တွေကိုအတွေးအခေါ် နှင့်အကြံဉာဏ်ကောင်းတွေပေးနိုင်တယ

အမျိုးသမီး အထူးတပ်ဖွဲ့ဝင်၊ ဖျာပ

“ သင်တန်းတက်ပြီးတော့မသန်စွမ်းတွေကလည်းအလုပ်တွေလုပ်နိုင်တယ်ဆိုတာသိလာတယ်၊ တစ်နေ့ကျရင်ကျွန်တော်လည်း မသန်စွမ်းတစ်ဦးဖြစ်လာနိုင်တယ်၊ဒါကြောင့်သူတို့ကိုကောင်းကောင်းမွန်မွန်ဆက်ဆံသင့်တယ်

အမျိုးသားစေတနာ့လုပ်အားရှင်၊ ငရုပ်ကောင်း



# အပိုင်း (ဂ)၊ အဓိက ပါဝင်ဆောင်ရွက်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးခြင်း

လူတစ်ဦး (သို့) အဖွဲ့တစ်ဖွဲ့သည် ရပ်ရွာဘေးဒဏ်ခံနိုင်စွမ်း နှင့် ရပ်ရွာလူထုမှ ရင်ဆိုင်နေရသော ဘေးဖြစ်နိုင်ချေ အမျိုးမျိုးကို ဖြေရှင်းရန်အတွက် တစ်ဦးတည်းသီးသန့်မဆောင်ရွက်နိုင်ပါ ။

ထို့ကြောင့် အဓိကပါဝင်နေသည့် အစိုးရ နှင့် အစိုးရမဟုတ်သည့် ဆောင်ရွက်သူများကြားတွင် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု နှင့် ညှိနှိုင်းဆောင်ရွက်မှုများရှိနေရန်လိုအပ်သည်။ ၎င်းမှာ ပူးပေါင်းပါဝင်မှုရှိသော ရပ်ရွာအခြေပြုဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအစီအစဉ် နှင့် ယင်းရလဒ်များ ရေရှည်တည်တံ့စေရေး အောင်မြင်စေရန် အတွက် အဓိကကျသည့် အပိုင်းတစ်ခုဖြစ်သည်။

အဓိကပါဝင်သည့် အစိုးရ နှင့် အစိုးရမဟုတ်သည့် ပါဝင်ဆောင်ရွက်သူများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးကို တိုးမြှင့်ပေးရန် အကြံပြုပြချက်များ တွင် အောက်ပါတို့ပါဝင်သည်။

- သတင်းအချက်အလက်မျှဝေခြင်း စသည့် ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း အပြင် အခြားပူပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို အတူတကွလုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် နည်းဗျူဟာကျပြီး နှစ်ဦးနှစ်ဘက် အကျိုးရှိစေရန်အတွက် မြှင့်တင်ပါ။ စီမံချက်ဝန်ထမ်းအားလုံးသည် အဓိက ပါဝင်ဆောင်ရွက်သူအားလုံးအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၏ အရေးကြီးပုံကို နားလည်စေရန် သေချာအောင် ဆောင်ရွက်ပါ။
- ရပ်ရွာလူထုအား သူတို့၏ အခွင့်အရေးများ၊ ဘေးအန္တရာယ်ဖြစ်နိုင်ချေများ အပေါ် တာဝန်ယူဆောင်ရွက်နိုင်သူတို့၏ အခန်းကဏ္ဍ နှင့် တာဝန်များ အကြောင်းဆွေးနွေးမှုများတွင် ပါဝင်စေပါ။
- ရပ်ရွာအုပ်စုများ၊ ကော်မတီများ၊ ဖွံ့ဖြိုးရေးကော်မတီများ၊ လူငယ်အုပ်စုများ ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ကိုယ်ထူကိုယ်ထအဖွဲ့များ၊ စသည်တို့ကို အသစ်အပြိုင် ဖွဲ့စည်းမည့်အစား လက်ရှိရှိနေပြီးသော အဖွဲ့များကို ပို၍အားကောင်းအောင် ပြုလုပ်ပါ။
- ရပ်ရွာဖွဲ့စည်းပုံများ မရှိသေးသည့်နေရာများတွင် တူညီသည့်ပန်းတိုင် နှင့် ရည်ရွယ်ချက်များဆီသို့ ရှင်းလင်းပြီး သဘောတူညီထားသည့် အခန်းကဏ္ဍနှင့်တာဝန်များရှိသည့် အထူးတပ်ဖွဲ့များ နှင့် ကော်မတီများ စသည့် အတည်တကျရှိနိုင်မည့် အဖွဲ့များဖွဲ့စည်းရန်အတွက် ပံ့ပိုးကူညီပါ။
- မြို့နယ်အဆင့်တွင် အစိုးရပါဝင်ဆောင်ရွက်သူများ၏ ဖွဲ့စည်းပုံကိုပြုလုပ်ပါ။


အထွေထွေအုပ်ချုပ်ရေးမှူးရုံး နှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာနတို့ အနည်းဆုံးပါဝင်ပါစေ ။ (ထို့အပြင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး နှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသောရပ်ရွာလူထုတည်ဆောက်ရေး ကို အရှိန်မြှင့်တင်ရာတွင် မတူညီသည့် ရန်ပုံငွေပံ့ပိုးမှုနည်းလမ်းများကိုဖော်ထုတ်ရန် နှင့် မည်သူမှ တာဝန်ရှိသည်ကို သိရှိစေရန် အတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန) ကိုလည်း ထည့်သွင်းပါ။

- အဓိက အစိုးရ နှင့် အစိုးရမဟုတ်သည့် ပါဝင်ဆောင်ရွက်သူများ ကို တူညီသည့် ပန်းတိုင် နှင့် ရည်ရွယ်ချက်များ ဆီသို့ အတူလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အခွင့်အရေးများရှာဖွေပြီး အရှိန်မြှင့်တင်ပါ။ ယုံကြည့်မှုတည်ဆောက်ခြင်း နှင့် တစ်ဦးနှင့်တဦးလေးစားတန်ဖိုးထားခြင်းအားဖြင့် ဆက်သွယ်ချက်များ တည်ဆောက်ပါ။
- စည်းရုံးကြိုးပမ်းဆောင်ရွက်မှုကို မြင်သာစေရန် ဘေးဖြစ်နိုင်ချေ ဆန်းစစ်လေ့လာချက် နှင့် နောက်ဆက်တွဲအစီအစဉ်များ၏ အထောက်အထားအခြေပြုရလဒ်များ (ဆန်းစစ်လေ့လာချက်များ နှင့် အစီအစဉ်များ) ကိုအသုံးပြုပါ။ ၎င်းရလဒ်များသည် ရပ်ရွာလူထုမှ သူတို့၏လိုအပ်ချက်များအပေါ်တွင် ပြည့်စုံသည့် ဆန်းစစ်လေ့လာချက်များကို ပြုလုပ်ပြီး ရပ်ရွာလူထုအား ပံ့ပိုးကူညီရန်အတွက် ဦးစားပေးဆောင်ရွက်ရန် နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အရေးပါသည့် နည်းကိရိယာအား အစိုးရထံသို့ တင်ပြပေးခဲ့သည်။
- ရပ်ရွာတစ်ခုစီအား ဖြစ်နိုင်သည့် တူညီသည့်ဆောင်ရွက်မှု (သို့) အစီအစဉ်ထပ်ခြင်း နှင့် နောက်ဆက်တွဲ ပြဿနာများကို ရှောင်ရှားရန် အနည်းဆုံးအစီအစဉ်တစ်ခုဆီထားပြီး ရပ်ရွာဖွံ့ဖြိုးရေး အစီအစဉ်များအား ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို စွဲမြဲစေပါ။
- ရပ်ရွာဖွံ့ဖြိုးရေးမူဘောင်များတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို တွဲထားပါ။ ထိုသို့ဆောင်ရွက်ခြင်းသည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး နှင့် ဖွံ့ဖြိုးရေးသည် ချိတ်ဆက်မှု မရှိဆိုသည့် အယူအဆအမှားကို ရှောင်ရှားနိုင်မည်ဖြစ်ပြီး မလိုလားအပ်သည့် ရှုပ်ထွေးမှု နှင့် အရင်းအမြစ်များ မှားယွင်းစွာသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။
- ရပ်ရွာလူထုအား သူတို့အနေဖြင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအစီအစဉ်များ (သို့) စီမံချက်များတွင် မည်သည့်ကဏ္ဍများမှ ပါဝင်ဆောင်ရွက်နိုင်သည်ကို သုံးသပ်နိုင်ရန် တိုက်တွန်းပါ ။၎င်းတို့တွင် ဘဏ္ဍာရေး၊ ပစ္စည်းများ ၊ နည်းပညာ နှင့် လူ့စွမ်းအားအရင်းအမြစ်များ၊ အပြန်အလှန်တာဝန်ယူမှု နှင့် ပိုင်ဆိုင်မှု မြှင့်တင်ခြင်းတို့ ပါဝင်သည်။
- ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအစီအစဉ်များနှင့် ဆက်နွယ်သည့်လုပ်ငန်းများတွင် ရန်ပုံငွေပံ့ပိုးမှုကို ရှောင်ပါ။ အစိုးရမှ ရန်ပုံငွေဖြင့် ပံ့ပိုးရန် အကျုံးဝင်နိုင်မည့် (ဥပမာ - အသေးစားပြင်ဆင်ရေးလုပ်ငန်းများ) ရှိနိုင်သည် ။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းကို တားမြစ်နိုင်ပြီး နှစ်ဦးနှစ်ဖက်စလုံး၏ ဆက်ဆံရေးအား ထိခိုက်နိုင်သည်။

## ၃။ အလေ့အကျင့်ကောင်း ဥပမာများ

ပူးပေါင်းအဖွဲ့သည် ပါဝင်ဆောင်ရွက်သူများအကြား ပူးပေါင်းဆောင်ရွက်မှု နှင့် ညှိနှိုင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးရာတွင် ပံ့ပိုးကူညီသည်။ ၄င်းတို့တွင် ထိုသူများကို အတူတကွခေါ်ဆောင်လာခြင်း နှင့် ဆွေးနွေးမှုများ ကို အောက်ပါနည်းလမ်းများဖြင့် ပံပိုးကူညီနိုင်သည်

- မြို့နယ်အဆင့်တွင် ရပ်ရွာလူထုနှင့် အစိုးရအရာရှိများအကြား ညှိနှိုင်းဆောင်ရွက်ရေး အစည်းအဝေးများ ဖြင့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ကဲ့သို့သော ထူးခြားနေ့ရပ်များအတွက် ကျင်းပပြုလုပ်ခြင်း
- ရပ်ရွာ နှင့် ကျောင်းအဆင့်တွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး ဖွဲ့စည်းပုံများ ဖွဲ့စည်းခြင်း - အမည်အားဖြင့် ကျေးရွာ/ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ ၊ ကြိုတင်သတိပေးရေး၊ ရှေးဦးပြုစုခြင်း နှင့် ရှာဖွေကယ်ဆယ်ရေး အထူးတပ်ဖွဲ့များပါဝင်သည်။
- ဇတ်တိုက်လေ့ကျင့်ခန်းများ
- ဖျော်ဖြေပညာပေးအစီအစဉ်
- ပူးပေါင်းပါဝင်သည့် ဆန်းစစ်လေ့လာချက်များ နှင့် စီမံကိန်းအစီအစဉ်များမှ အထောက်အထားအခြေပြု ရလဒ်များ



# ၃.၁ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ လူများကို အတူစုစည်းခြင်း

စီမံချက်မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် အစီအစဉ်များသည် မတူခြားနားသည့်လူများအား တူညီသည့် ပန်းတိုင်နှင့် ရည်ရွယ်ချက်များဆီသို့ အတူတကွရောက်ရှိနိုင်စေရန် လည်းကောင်း၊ ဗဟုသုတများတိုးမြှင့် မျှဝေရန်အတွက်နှင့် သတင်းအချက်အလက်များ ဖလှယ်ရန်အတွက်လည်းကောင်း၊ ရပ်ရွာ၏ ဘေးဒဏ်ခံနိုင်မှုကို တိုးမြှင်စေရန်အတွက်လည်းကောင်း အတူတကွလုပ်ဆောင်ရန် ပံ့ပိုးပေးသည်။ အစိုးရအရာရှိများ နှင့် လူတွေ့မေးမြန်းမှုတွင် ဇတ်တိုက်လေ့ကျင့်ခန်းများ၊ ပူးပေါင်းပါဝင်မှုရှိသော ဆန်းစစ်လေ့လာမှုများ နှင့် စီမံကိန်းအစီအစဉ်များ တွင်ပါဝင်ရခြင်းအတွက် ကျေးဇူးတင်မိကြောင်းပြောဆိုထားသည်။

ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလတိုင်း ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ ကဲ့သို့သော ထူးခြားနေ့ရပ်များကိုလည်း ရပ်ရွာလူထု နှင့် အစိုးရ ပါဝင်ဆောင်ရွက်သူများ အကြား အပြန်အလှန်ဆက်သွယ်မှုရှိစေရန်အတွက် အခွင့်အရေးအဖြစ် အသုံးချသည်။

ပူးပေါင်းအဖွဲ့သည် စာသင်ကျောင်း နှင့် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ နှင့် အထူးတပ်ဖွဲ့များပါဝင်သည် ပူးပေါင်းဇတ်တိုက်လေ့ကျင့်ခန်းကိုလည်း အခန်းကဏ္ဍ နှင့် တာဝန်များ ကို ရှင်းလင်းရန် နှင့် ပို၍နီးကပ်သည့် ညှိနှိုင်းဆောင်ရွက်မှုများကို ဖော်ထုတ်နိုင်ရန်အတွက် ပြုလုပ်ခဲ့သည်။

# ၃.၂ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ ပူးပေါင်းပါဝင်သော ဆန်းစစ်လေ့လာမှုနှင့် စီမံကိန်းလုပ်ငန်းစဉ်မှ အထောက်အထားအခြေပြု ရလဒ်များအား အသုံးပြုခြင်း

DIPECHO IX စီမံချက်တွင် (ဥပမာ- ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအစီအစဉ် နှင့် ကျေးရွာစာအုပ်) အပြည့်အဝ (သို့) တစ်စိတ်တစ်ပိုင်း ပံ့ပိုးသော ပူပေါင်းပါဝင်သော ဆန်းစစ်လေ့လာမှု နှင့် စီမံကိန်းလုပ်ငန်းစဉ် တို့၏ရလဒ်များ သည် ရပ်ရွာ နှင့် အစိုးရအကြားတွင် ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ဆွေးနွေးမှုများကို ပံ့ပိုးကူညီရာတွင် အရေးပါသည့် နည်းကိရိယာတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းရလဒ်များသည် ရပ်ရွာလူထုမှ သူတို့လိုအပ်ချက်များ၏ ပြည့်စုံသည့် ဆန်းစစ်လေ့လာမှုများကို ပြုလုပ်ထားပြီး ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအတွက်အရင်းအမြစ်များ လျာထားခြင်း နှင့် ပိုမိုကျယ်ပြန့်သည့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အထောက်အထားများပံ့ပိုးပေးသည်။

အထွေအထွေစီမံအုပ်ချုပ်ရေးဌာန နှင့် ရပ်ရွာလူထုအကြား ညှိနှိုင်းဆွေးနွေးမှုပြုလုပ်နေစဉ်တွင် မျှဝေခဲ့သည့် အောင်မြင်သည့် ဥပမာတစ်ခုမှာ ဖျာပုံမြို့နယ် ဇင်ဘောင်ကျေးရွာတွင်ဖြစ်သည်။ အားလုံးပါဝင်မှုရှိသည့် ရပ်ရွာဘေးဖြစ်နိုင်ချေ ဆန်းစစ်လေ့လာမှုအစီအစဉ်တွင် ရပ်ရွာလူထုကို ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး လုပ်ငန်းအစီအစဉ် ရေးဆွဲရာတွင် ပံ့ပိုးကူညီခဲ့သည်။ မည်သည့်ဘေးအန္တရာယ်ဖြစ်နိုင်ချေလျှော့ချရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ကို ရွေးချယ်ရမည့်အချိန်တွင် ရပ်ရွာလူထုသည် သူတို့၏ကျေးရွာ နှင့် အခြားရွာကို ဆက်သွယ်ထားသည့် ကျေးရွာလမ်းပြုပြင်ခြင်း ဦးစားပေးအစီအစဉ်အဖြစ် သတ်မှတ်ခဲ့ကြပြီး ဆောက်လုပ်မှုအစီအစဉ်တွင် စုစုပေါင်းငွေကြေး တစ်သန်းကို ပူးပေါင်းထည့်ဝင်ရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။ အရင်းအမြစ်များကိုထပ်မံအရှိန်အဟုန်မြှင့်တင်ရန်အတွက် ရပ်ရွာလူထုသည် သူတို့၏ အစီအစဉ်များကို အထွေထွေစီမံအုပ်ချုပ်ရေးဌာနသို့ တင်ပြခဲ့ပြီး ငွေကြေးတစ်သန်းကို ကျေးရွာမှ ထည့်ဝင်ဖြည့်ဆည်းပြီး ကျန်ရှိသော

ပမာဏကို ပူးပေါင်းအဖွဲ့မှ ထည့်ဝင်ရန် သဘောတူညီခဲ့သည် ။ ဤဥပမာသည် ရပ်ရွာဘေးဖြစ်နိုင်ချေ ဆန်းစစ်လေ့လာမှု နှင့် စီမံကိန်းလုပ်ငန်းစဉ်များ၏ ရလဒ်များဖြင့် တာဝန်ရှိသူများကို စည်းရုံးရန်အတွက် ထိရောက်သည့် ရှေ့လိုက်ပေး နည်းကိရိယာ ဖြစ်ကြောင်း ဖော်ပြထားသည်။

# အပိုင်း (ဃ) စီမံချက်ရလဒ်များ၏ ရေရှည်တည်တံ့မှုကို သေချာစေခြင်း

ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးစီမံချက်များ ပြီးဆုံးသည့်အခါတွင်  ၎င်းအောင်မြင်မှုများမည်သို့ တည်တံ့အောင် ဆောက်ရွက်ရန်ကို အဆုံးအဖြတ်ပေးရန်ပင်ဖြစ်သည် ။

စီမံချက်ပြီးဆုံးသည့်အခါတွင် အကောင်းဆုံးအခြေအနေမှာ ပါဝင်ဆောင်ရွက်သူများအားလုံးမှ ရပ်ရွာဘေးဒဏ်ခံနိုင်စွမ်း အတွက်  သူတို့အခန်း၏အခန်းကဏ္ဍ များကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်သည်။ ၎င်းတို့တွင် အောက်ပါတို့ကို သေချာစေရန် ဗျူဟာများ နှင့် ဆောင်ရွက်ရန်များပါဝင်သည်။

- ဘေးအန္တရာယ်ဖြစ်နိုင်ချေကို မည်သို့လျော့ချရန် နှင့် ဘေးအန္တရာယ်များအပေါ်တွင် သိရှိမှု၊ ဗဟုသုတ နှင့် နားလည်သဘောပေါက်မှုတို့ကို ဆက်လက် တိုးမြှင့်စေခြင်း
- ရပ်ရွာလူထုအတွင်းရှိ ဘေးဖြစ်နိုင်ချေ၊ ထိခိုက်လွယ်မှုများ၊ စွမ်းဆောင်နိုင်မှုများ နှင့် အားသာချက် ဆန်းစစ်သုံးသပ်ခြင်း နှင့် ဘေးဖြစ်နိုင်ချေများကို လျော့ချရာတွင် နောက်ဆက်တွဲ အစီအစဉ်များကို ပြန်လည်သုံးသပ်ခြင်း ။
- ဆုံးဖြတ်ချက်ချမှတ်ခြင်း နှင့် အခြားလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် ရှိနေသော အတားအဆီးများကို နားလည်ပြီး ဆက်လက် ဖြေရှင်းခြင်း။
- ပါဝင်ဆောင်ရွက်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ကို ဆက်လက် ဆောင်ရွက်ခြင်း ။
- ဘေးအန္တရာယ်ဖြစ်နိုင်ချေကို လျော့ချရန် နှင့် ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း တိုးမြှင့်ရန် အတွက် သင့်လျော်သည့် အရင်းအမြစ်များကို လျာထားခြင်း။

ထိုသို့ဆောင်ရွက်နိုင်စေရန် လုပ်ငန်းဆောင်ရွက်သူအားလုံးမှ စိတ်ပါဝင်ဝင်စားမှု နှင့် ဆောင်ရွက်ရန် ဆန္ဒများ ရှိရန်လိုအပ်သည်။ လိုအပ်သည့် နည်းပညာ၊ ငွေကြေးအရင်းအမြစ်များ နှင့် စွမ်းဆောင်ရည်များလည်း ရှိရန်လိုအပ်သည်။

စီမံချက်ရလဒ်များကို စီမံချက်ပြီးဆုံးသည့်အခါတွင် ထိန်းသိမ်းရန်အစီအစဉ်တို့ကိုဖော်ပြထားသော စီမံချက် ပြီးဆုံးသည့် အစီအစဉ်များအပါအဝင် သင့်လျော်သည့် နည်းလမ်းများ နှင့် နည်းဗျူဟာများကိုဖော်ထုတ်ခြင်းသည် ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အစီအစဉ်၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။

စီမံချက်ရလဒ်များ ရေရှည်တည်တံ့မှုကို တိုးမြှင့်စေရန်အတွက် အကြံပြုချက် အလေ့အကျင့်ကောင်းများတွင်

- ပူးပေါင်းပါဝင်မှုရှိသည့် ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအစီအစဉ်၏ရေရှည်တည်တံ့သည့် ရလဒ်ကို ရရှိစေရန် ဖြစ်နိုင်သည့် အချိန်အတိုင်းအတာကို လျာထားပါ။ အခြားကဏ္ဍများ၏ ဘေးဖြစ်နိုင်ချေအဆင့်ပေါ်မူတည်ပြီး အနည်းဆုံး (၂) နှစ်မှ (၃) နှစ် လျာထားနိုင်သည်။
- ရပ်ရွာအတွင်းတွင် သင်ယူနိုင်မှုများကို သေချာစေရန် အတွက် စီမံချက်ကာလအတွင်းတွင် ဖြည့်စွက်ဆောင်ရွက်ရမည့် ပံ့ပိုးမှုသင်တန်းများ နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအတွက် လုံလောက်သည့် လူ့စွမ်းအားအရင်းအမြစ်များလျာထားပါ။
- ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး လုပ်ငန်းစဉ်များကို ဦးဆောင်ရန်/ပံ့ပိုးကူညီရန်အတွက် ရပ်ရွာမှ လူများကို ရွေးချယ်ပါ။ ရပ်ရွာလူထုကို အပြင်လူထက်ပိုမိုသိကျွမ်းသည့်အတွက် ရပ်ရွာအတွင်းနေထိုင်သူကို mobilizer အဖြစ်ရွေးချယ်နိုင်သည်။ သူ/သူမသည် ရပ်ရွာအတွင်းတွင် ရှိပြီး အချိန်ပိုင်းအလိုက် (စီမံချက်ပြီးသည့်အချိန်တွင်ပင်) ရေရှည်ပံ့ပိုးမှုကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ သူတို့ရပ်ရွာ၏ ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်ရာတွင် စိတ်ပါဝင်စားမှု ပို၍ရှိနိုင်သည်။
- စီမံချက်တွင် စီမံချက်ပြီးစီးပြီးဆုတ်ခွာမည့် ဗျူဟာကို အစိတ်ပိုင်းမှစ၍ရေးဆွဲပြုစုထားပြီး စီမံချက် ကာလတစ်လျှောက် လိုအပ်သလို ချိန်ညှိသွားရမည်။ စီမံချက်ပြီးစီးပြီးဆုတ်ခွာမည့်ဗျူဟာ သည်ဖြစ်နိုင်လျှင် ရပ်ရွာအတွင်းမှ သက်ဆိုင်ရာ အစိုးရ နှင့် အခြားတာဝန်ရှိသူများ (ဥပမာ - ကျေးရွာအုပ်စု နှင့် မြို့နယ်အဆင့်မှ) ပါဝင်ပတ်သက်သူအားလုံးနှင့် အတူတကွ သဘောတူညီပြီး ရေးဆွဲထားရမည်။ ၄င်းသည်အောက်ပါတို့ကိုဖော်ထုတ်နိုင်မည်ဖြစ်သည်။
    - ရပ်ရွာအတွင်း မှ သင်တန်း နှင့် အခြားသော စွမ်းဆောင်ရည်မြှင့်သင်တန်းများအတွက်ရည်ရွယ်ထားသော လူထုသည် စီမံချက်လွန်ကာလလုပ်ငန်းများဦးဆောင်ရာ တွင် ပံ့ပိုးကူညီနိုင်သည်။
    - စေတနာ့လုပ်အားရှင်/ရပ်ရွာလူထု/ သည် ခေါင်းဆောင်မှုသင်တန်း၊ ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာကျွမ်းကျင်မှု၊ အရင်းအမြစ် စုဆောင်းခြင်း (သို့) ငွေကြေးစီမံခန့်ခွဲမှု စသည့် သင်တန်းများကို စီမံချက်လွန်ကာလတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်နိုင်ရေးအတွက် လိုအပ်နိုင်သည်။
    - စီမံချက်လွန်ကာလတွင် အဓိက ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အလုပ်များ ဆက်လက်ဆောင်ရွက်နိုင်ရေးကို ပံ့ပိုးရန် ငွေကြေးအရင်းအမြစ်လိုအပ်မှုအဆင့်
    - ဆောင်ရွက်လျက်ရှိသည့် ရပ်ရွာအဆင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအလုပ်များကို ဆောင်ရွက်လျက်ရှိသော အဆင့်အမျိုးမျိုးမှ ဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံကိန်းလုပ်ငန်းစဉ်များ

> ❝ ကျွန်တော်သိထားတဲ့ဗဟုသုတတွေကိုတတ်နိုင်သလောက်ဖြန့်ဝေပြီးကျွန်တော်အသက်ရှင်နေသရွေ့ဘေးအန္တရာယ်စီမံခန့်ခွဲမှုကိုထိန်းသိမ်းသွားမယ်။
>
> အမျိုးသား
> စေတနာ့လုပ်အားရှင်၊
> ငရုပ်ကောင်း

(ဥပမာ - ကျေးရွာအုပ်စု နှင့် မြို့နယ်) အပြင် ကျေးရွာ နှင့် မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ နှင့် ချိတ်ဆက်ပေးခြင်း

- o စီမံချက်ကာလအတွင်းတွင် ရရှိခဲ့သော အောင်မြင်မှုများကို ထိန်းသိမ်းရန်အတွက် ပါဝင်ဆောင်ရွက်သူအမျိုးမျိုး၏ အခန်းကဏ္ဍ နှင့် တာဝန်များ
- o ရပ်ရွာလူထုအား စီမံချက်လွန်ကာလတွင် လွှဲပြောင်းပေးမည့် ကွန်ပြူတာများ၊ လက်ကိုင်ဖုန်းများ (သို့) ဗီဒီယိုကင်မရာများ စသည့် ပစ္စည်းများ

- လက်ခံသဘောတူထားသည့် စီမံချက်ဆုတ်ခွာရေးဗျူဟာကို ရပ်ရွာ၊ ကျေးရွာအုပ်စု နှင့် မြို့နယ်အဆင့် အာဏာပိုင်များကို အသိပေးပါ။ ၄င်းတွင် ငွေကြေး (သို့) ပစ္စည်းများလွှဲပြောင်းမှုကို နှစ်ဦးနှစ်ဘက် တာဝန်ယူမှုရှိစေရန် သဘောတူညီမှု များပါဝင်သည်။
- ရပ်ရွာအတွင်းရရှိနိုင်သည့် ရန်ပုံငွေအရင်းအမြစ်များဖော်ပြထားသည့် ငွေကြေးအရင်းအမြစ်များ စုစည်းရန်အစီအစဉ်ကို ပြုစုရန် ရပ်ရွာအား ပံ့ပိုးပေးခြင်း (ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ကိုယ်ထူကိုယ်ထအဖွဲ့များ) အပြင် ပြင်ပအရင်းအမြစ်များ (ပုဂ္ဂလိက ကဏ္ဍများ ပါဝင်သည်)
- ပြင်ပရန်ပုံငွေပံ့ပိုးမှု (သို့) အခြားပံ့ပိုးမှုမပါရှိဘဲ ရပ်ရွာမှ ကိုယ်တိုင်ရေရှည်တွင် မထိန်းသိမ်းနိုင်သော စနစ်၊ နည်းလမ်းများကို အဆိုပြုတင်သွင်းခြင်း မလုပ်ရပါ။

## ၄.၁ သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းကို လုပ်ဆောင်ချက်တိုင်းတွင် ထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများ

ပူးပေါင်းအဖွဲ့ကို ၂၀၁၂ မှစတင်ဖွဲ့စည်းခဲ့ပြီး ထိုအရှေ့တွင် အဖွဲ့ဝင် ၂ဖွဲ့သာပါဝင်သောပူးပေါင်းအဖွဲ့ငယ်ကို ဖွဲ့စည်းကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။ ပထမစီမံချက်တွင် လုပ်ဆောင်ခဲ့သော စီမံချက်ဧရိယာများ၊ ရပ်ရွာလူထုများကိုဒုတိယနှင့်တတိယစီမံချက်များတွင်လည်းဆက်လက်အကောင်းအထည်ဖော်ဆောင်ရွက်ခဲ့သောကြောင့် ထိုရပ်ရွာများတွင် ဘေးလျှော့ချရေးလုပ်ငန်းများကိုလုပ်ဆောင်လာခဲ့သည်မှာ ပြန်ရေတွက်ကြည့်လျှင် ၅ နှစ်တာမျှရှိနေပြီဖြစ်သည်။ ယင်းရေရှည်တည်တံ့သည့် ချိတ်ဆက်ဆောင်ရွက်မှုများသည် "လုံခြုံမှုကို အမြဲတစေလုပ်ဆောင်ခြင်း" ကိုထည့်သွင်းလုပ်ဆောင်ရာတွင် အထောက်အပံ့ဖြစ်စေပါသည်။ ထို့ပြင် ဘေးလျှော့ချရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ခိုင်မာသောအတွေးအခေါ်ကိုယ်ပိုင်စိတ်ဓာတ်များကို ဖြစ်ပေါ်စေပါသည်။

## ၄.၂ လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်များ ၊စုစည်းခြင်း

ရပ်ရွာအတွင်း (သို့) မှ ပူးပေါင်းအဖွဲ့၏ စည်းရုံးခြင်းသည် စီမံချက်ရလဒ်များ အောင်မြင်စွာတည်တံ့စေရန်အတွက်လည်း အထောက်အပံ့ဖြစ်စေသည်။ စေတနာ့လုပ်အားရှင် (သို့) Fellow သည် ရပ်ရွာအတွင်းမှ လျှောက်လွှာဖြင့်လည်းကောင်း၊ ကျေးရွာခေါင်းဆောင်များ (သို့) အခြားရပ်ရွာအဖွဲ့ဝင်များမှ အဆိုပြုခြင်းဖြင့်လည်းကောင်း ရွေးချယ်ခဲ့ကြသည်။ သူတို့သည် ပူးပေါင်းပါဝင်မှုရှိသော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးသင်းတန်းများ၊ ရပ်ရွာဘေးဖြစ်နိုင်ချေဆန်းစစ်လေ့လာမှု နှင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးလုပ်အစီအစဉ်များ စသည့် သင်တန်းများကို ရရှိထားကြသည် ။ အုပ်စုများပါဝင်မှု မည်သို့ တိုးမြှင့်မည်၊ စောင့်ကြည့်လေ့လာမှု နှင့် သုံးသပ်မှု၊ ခေါင်းဆောင်မှု နှင့် အဖွဲ့စည်းဆိုင်ရာ နှင် ငွေကြေး စီမံခန့်ခွဲမှု တို့ကိုမြှင့်တင်ခြင်းတို့တွင် ပံ့ပိုးမှုများ ရရှိထားကြသည်။ သူတို့သည် ရပ်ရွာဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး ဖွဲ့စည်းပုံ ( ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ နှင့် အထူးအဖွဲ့ဝင်များ) ကိုဖွဲ့စည်းရာတွင် ရပ်ရွာနှင့် အတူလုပ်ငန်းဆောင်ရွက်ပြီး ယင်းရပ်ရွာအဖွဲ့ဝင်များကို နှင့် အစိုးရအရာရှိများအား အဓိကသင်တန်းများကို ပံ့ပိုးပေးသည်။

ပူးပေါင်းအဖွဲ့သည် အနာဂတ်တွင် DRR လုပ်ငန်းများ ရေရှည်တည်တံ့စေရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအမြစ်များ ကို ရှာဖွေရန်အတွက်  စေတနာ့လုပ်အားရှင်များ/fellows များနှင့် သူတို့၏ ရပ်ရွာလူထုကို ပံ့ပိုးကူညီရန် လုပ်ငန်းဆောင်ရွက်မှု အမျိုးမျိုးကို အကောင်အထည်ဖော်ခဲ့သည်။

ဥပမာ - လပွတ္တာတွင် fellows (၁၅) ဦးမှာ အတူတကွ လုပ်ငန်းဆောင်ရွက်ရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့သည်။ (၇) ဦးသည် ဂဏန်းဒိုင်လုပ်ငန်းတွင် ပါဝင်ရန်စီစဉ်ကြသည်။ ဂဏန်းဒိုင်လုပ်ငန်းမလုပ်နိုင်သူများသည် အခြား အသက်မွေးဝမ်းမှုနည်းလမ်းများကို ဆောင်ရွက်ကြသည်။ ၎င်းတို့တွင် ခြံတွင်းသီးနှံစိုက်ပျိုးခြင်း၊ အိမ်ဆိုင်ဖွင့်ခြင်း၊ ဆံသဆိုင်၊ နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ တပ်ဆင်ခြင်း၊

ကွမ်းရွက်စိုက်ပျိုးခြင်း စသည်တို့ပါဝင်သည်။ သူတို့သည် အကျိုးအမြတ်မှ ရာခိုင်နှုန်းအချို့ကို သူတို့လစာအဖြစ်သုံးစွဲခြင်း၊ အချို့ကို ဘေးအန္တရာယ်စီမံခန့်ခွဲမှု နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ အတွက် သုံးစွဲရန်လည်းကောင်း၊ အချို့ကို ရန်ပုံငွေအဖြစ် ချန်ထားရန် သဘောတူထားကြသည်။

> ❝
>
> ကျေးရွာခေါင်းဆောင်အပြောင်းအလဲဖြစ်ရင်ခေါင်းဆောင်အသစ်ဗဟုသုတတွေလွှဲပြောင်းပေးဖို့ကျွန်တော်လုပ်ပေးနိုင်တယ်။ရပ်ရွာအတွင်းမှာရှိတဲ့အဖွဲ့တွေအားလုံးချိတ်ဆက်ဆောင်ရွက်မှုကိုလည်းကျွန်တော်အားကောင်းအောင်လုပ်ပေးနိုင်တယ်
>
> အမျိုးသား စေတနာ့လုပ်အားရှင်၊ သစ်ရောင်ကျေးရွာ၊ ငရပ်ကောင်း

ငရုပ်ကောင်းတွင် စေတနာ့လုပ်အားရှင်တစ်ဦးသည် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ နှင့်အတူ လှည့်ပတ်ရန်ပုံငွေအတွက် အလုပ်လုပ်ခဲ့သည်။ ၎င်းသည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးလုပ်ငန်များ နှင့် သူ၏နေ့တွက်စရိတ်အတွက် ကာမိစေရန် အထောက်အပံ့ဖြစ်စေသည်။ ဖျာပုံမှ စေတနာ့လုပ်အားရှင်များသည် သူတို့ရပ်ရွာမှ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများအတွက် အတူတကွ ရန်ပုံငွေကို ထူထောင်ကြသည်။

# နိဂုံး

ဤစာအုပ်တွင်ဖော်ပြထားသော အလေ့အကျင့်ကောင်းအကြံပြုချက်များသည် ပူးပေါင်းပါဝင်သော ရပ်ရွာအခြေပြု ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးစီမံကိန်းများကို ပုံစံရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အဓိက အချက်များကို ဖော်ပြထားသည်။

အထူးသဖြင့် အကြံပြုချက်များသည် DRR နှင့်ပတ်သက်သည့် အလုပ် နှင့် အန္တရာယ်ကင်းရှင်းစေမည့် အလေ့အကျင့်ကို စွဲမြဲစေရန်အတွက် လုံလောက်သော လူ၊ နည်းပညာနှင့် ငွေကြေးအရင်းအမြစ်များအပြင် အချိန် တို့၏ အရေးကြီးပုံကို အထူးပြုဖော်ပြထားသည်။

၄င်းတို့သည် DRR လက်တွေ့ကျင့်သုံးသူများမှ DRR နှင့် ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပေါ်တွင် ရပ်ရွာကိုယ်တိုင်ဘေးဒဏ်ခံနိုင်စွမ်း တိုးတက်လာစေရေးအတွက် ပံ့ပိုးကူညီရာတွင် မှန်ကန်သည့် သဘောထား၊ ဗဟုသုတ၊ ကျွမ်းကျင်မှုများ နှင့် နားလည်မှုများရှိနေရန် လိုအပ်ကြောင်းကို လည်းဖော်ပြထားသည်။

နောက်ဆုံးတွင် အကြံပြုချက်များ နှင့် ပါဝင်သော ဥပမာများသည် အပြန်အလှန်ဆွေးနွေးခြင်း၊ ရလဒ်များကို ရရှိရန် လက်တွေ့ နှင့် ပူးပေါင်းဆောင်ရွက်သော နည်းလမ်းများ ကို သီအိုရီအခြေခံ နှင့် စာသင်ခန်းသင်ကြားမှုပုံစံ မဟုတ်ပဲ ပုံဖော်ပြထားသည်။

အချို့အချက်များကို သဘာဝကျသော်လည်း အတွေ့အကြုံများအရ ၄င်းတို့သည် စံချိန်စံနှုန်းများ၊ နည်းလမ်းတကျ (သို့) ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ကို အလျှို့ရှင်ပေးထားသည့် အချိန်အနည်း ငယ်အတွင်း ဆောင်ရွက်ရသည့်အခါတွင်  အလွယ်တကူပင် လျစ်လျူရှုမိကြသည်။

အလေးထားဆောင်ရွက်ရန် အရေးအကြီးဆုံးအချက်မှာ ကျွန်ုပ်တို့လက်တွဲအလုပ်လုပ်နေသည် ရပ်ရွာလူထုအကြောင်းကို သိရှိနားလည်ရန် အလွန်အရေးကြီးသည်။ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် သာလျှင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး လုပ်ငန်းများသည် အခြေအနေ၊ မတူကွဲပြားသည့် ဘေးဖြစ်နိုင်ချေများ နှင့် ဆောင်ရွက်သူများနှင့် ကိုက်ညီမှုရှိစေရန်  သေချာစေမည်ဖြစ်ပြီး တူညီသည့် ပန်းတိုင်၊ ဘေးဒဏ်ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုဖြစ်စေရေးအတွက် သေချာစေမည်ဖြစ်သည်။

# အကိုးအကားများ


1. Action for Social Aid (ASA), Young Women's Christian Association (YWCA), Social Policy and Poverty Research Group (SPPRG), Myanmar Engineering Society (MES), Myanmar Geosciences Society (MGS) and Myanmar Earthquake Committee (MEC)
2. Hazard Profile of Myanmar, July 2009
3. Global Climate Risk Index 2015; https://germanwatch.org/en/download/10333.pdf
4. UNOCHA (2012), "Myanmar Natural Disasters 2002-2012", http://reliefweb.int/map/myanmar/myanmar-natural-disasters-2002-2012
5. Hyogo Framework for Action (HFA) 2005-2015; http://www.unisdr.org/we/coordinate/hfa
6. ASEAN Agreement on Disaster Management and Emergency Response (AADMER), http://agreement.asean.org/media/download/20140119170000.pdf
7. Myanmar Action Plan on Disaster Risk Reduction (MAPDRR) 2009-2015; Ministry of Social Welfare, Relief and Resettlement, Government of the Union of Myanmar, 2009 (updated in 2012)
8. Views from the Frontline, Myanmar Country Report, Church World Services-Asia/Pacific & Global Network of Civil Society Organizations for Disaster Reduction, May 2013; http://www.cwsasiapacific.org/OTdVO/wp-content/uploads/2013/05/Brochure-VFL-Final.pdf
9. Post-disaster needs assessment of floods and landslides, July-September 2015, Government of the Union of Myanmar
10. Note between 2010-2011 a two-member consortium comprising ActionAid and Malteser supported community-based DRR initiatives in the Delta and Rakhine, on which the subsequent MCCR projects built
11. The Village Book is an ActionAid-developed bottom-up community development planning process which engages communities in assessing and analysing their current needs, agreeing on solutions and priorities, and formulating concrete action plans
12. Community mobilisers embedded within a community (usually their home community) and trained on right-based approaches to development, who facilitate bottom-up participatory planning to analyse and address key issues identified by the community itself

Humanitarian Aid
and Civil Protection